ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (10-11-2010) (၆၅၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရခိုင်ပြည်နယ် လေဘေးဒဏ်ကြုံတွေ့ရသည့် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၉

ရခိုင်ပြည်နယ် လေဘေးဒဏ်ကြုံတွေ့ရသည့် ဒေသခံပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော "ရွှေ" စီမံကိန်းအဖွဲ့ဝင်များကိုယ်စား Daewoo International Corporation မှ "ရွှေ" စီမံကိန်း၏ လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် FEC ၅၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ ဆန်အိတ်များကို လည်းကောင်း၊ မြန်မာ-တရုတ် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသော China National Petroleum Corporation- South East Asia Pipeline (CNPC - SEAP) ကုမ္ပဏီမှ အမေရိကန် ဒေါ်လာ ၅၀၀၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဦးသိန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသအတွက် ပုသိမ်-မုံရွာလမ်းမကြီးသည် ပြည်ထောင်စုလမ်းမကြီးဖြစ် ခရီးသွားရင်း လမ်းတစ်လျှောက်ရှိ ရှေးဟောင်းမြို့များကို ဝင်ရောက်လေ့လာနိုင်မည်

ပုသိမ်-မုံရွာလမ်းမကြီးကို အဆင့်မြှင့်တင်ဖောက်လုပ်ရာတွင် လမ်းသားအကျယ် ၃၄ ပေရရှိရန် စက်ကြီးများ ဆောင်ရွက် လျက်ရှိသည့် အပိုင်း(၂)တွင် ဤသို့တွေ့ခဲ့ရသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ပထမဆုံး အဓိကထားဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း မည်သည့်ဒေသမဆို သွားလာမှု လွယ်ကူစေမည့် ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအချင်းချင်း ဆက်သွယ်သည့်လမ်းများ၊ မဟာဗျူဟာလမ်းများနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လမ်းများ စသည်ဖြင့် လမ်းပေါင်းများစွာကို အသစ်ဖောက်လုပ်တည်ဆောက်ခြင်း၊ ရှိပြီးလမ်းများကို အဆင့်မြှင့်ဖောက်လုပ်ထားခြင်း၊ လမ်းများကို ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိသော လမ်းများအနက် ယခင်က ဟိုတစ်ပိုင်း သည်တစ်ပိုင်းနှင့် ပြတ်တောက်လျက်ဖြစ်နေသည့် ပုသိမ်မှ မုံရွာကို တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ အပိုင်း(၁)ပုသိမ်-ဥသျှစ်ပင် အပိုင်းနှင့် အပိုင်း(၃)ဖြစ်သည့် ကဇွန်းမ-မုံရွာ အပိုင်းကို သွားရောက်လေ့လာကာ သတင်းဆောင်းပါးရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

သွားရောက်လေ့လာ

အပိုင်း(၂)ဖြစ်သည့် ဥသျှစ်ပင်-ကဇွန်းမ အပိုင်းကို သွားရောက်လေ့လာ၍ သတင်းဆောင်းပါး ရေးသားတင်ပြနိုင်ရန်အတွက် ရန်ကုန်-ပြည်လမ်းအတိုင်းထွက်ခွာပြီး ဧရာဝတီမြစ်ပေါ်တွင် တည်ဆောက်ထားသော

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်

ဓာတ်ပုံ - မိုးမြင့်လှိုင်

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

ပုသိမ်-မုံရွာ လမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်း အပိုင်း(၂) မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် လမ်းအထူးအဖွဲ့(၃)က တည်ဆောက်ထားသော သရုပ်ချောင်းတံတားကို ဤသို့ တွေ့ခဲ့ရသည်။

၁၀-၁၁-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

လမ်းပန်းဆက်သွယ်ရေးစီမံကိန်းများ အရှိန်အဟုန်မြှင့်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်သွယ်သွားလာမှု လွယ်ကူခြင်းဖြင့် ကူးသန်းရောင်းဝယ်ကုန်စည်ပို့ဆောင်မှုများ မြန်ဆန်သွက်လက်လာမည်။ စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်မြင့်မားလာပေမည်။

ယခုအခါ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကားလမ်း၊ ရထားလမ်းသစ်များကို ဖောက်လုပ်ပေးနေသည်။ လမ်းများနှင့်အတူ မြစ်ကူး၊ ချောင်းကူး၊ တံတားကြီးငယ်များစွာကို တည်ဆောက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ ကားလမ်းမိုင်ပေါင်း ခုနစ်သောင်းကျော် ဖောက်လုပ်ပေးထားရာ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဥဒဟို သွားလာနိုင်သော ကားလမ်းသစ်ကြီးများ ပေါ်ထွက်လာခဲ့ပြီ။

မြစ်ဝကျွန်းပေါ်ကဲ့သို့ မြစ်ချောင်းများ ပေါများပြီး ပင်လယ်ပိုင်းနှင့် ဆက်စပ်နေသော ဒေသများတွင်ပါ လမ်းကွန်ရက် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်နေပြီ။ အချို့လမ်းပိုင်းများ၊ တံတားသစ်ကြီးများ ဖွင့်လှစ်နိုင်သဖြင့် ဒေသခံပြည်သူများ နွေ၊ မိုး၊ ဆောင်း ဆက်သွယ်သွားလာနေကြပြီ။ ရေထွက်ပစ္စည်းများကို ဈေးကွက်အရောက် နေ့ချင်းပေါက်တင်ပို့နိုင်ကြပေပြီ။

နိုင်ငံတစ်ဝန်း၌ ကုန်သွယ်စီးပွားအကျိုးပြု ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ၁၃ခု ရှိပြီး ခရီးမိုင်ပေါင်း နှစ်ထောင်ကျော်ရှိရာ ၃၇၇ မိုင်ကျော် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ ရထားလမ်းသစ်စီမံကိန်းများတွင် မိုင် ၃၂၀ ရှည်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ ယခုအခါ မင်းဘူး-ပွင့်ဖြူ မိုင် ၂၀၊ ပွင့်ဖြူ-ဆင်ဖြူကျွန်း မိုင် ၂၀ နှင့် ကျွန်းချောင်း-ယောချောင်း မိုင် ၂၀ စုစုပေါင်း မိုင် ၆၀သာ ကျန်တော့သဖြင့် အမြန်ပြီးစီးရေး ကြိုးပမ်းနေကြပြီ။

ရထားလမ်းများနှင့် ဆက်စပ်နေသည့် ဧရာဝတီတံတား (ညောင်တုန်း)ကိုလည်း တည်ဆောက်နေပြီ။ တံတား အရှည်ပေ ၇၄၀၀ ကျော်ခန့်ရှိမည်ဖြစ်ပြီး ကားလမ်းနှင့်ရထားလမ်း ပါဝင်မည်။ အဆိုပါတံတားကြီး တည်ဆောက်ပြီးစီးပါက ရန်ကုန်မြို့၊ ပုသိမ်မြို့တို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မြို့ရွာများသို့ ရထားလမ်း၊ ကားလမ်းများ အသုံးပြုသွားလာနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ မော်တော်ကားလမ်း၊ ရထားလမ်းများ၊ မြစ်ကူးတံတားကြီးများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ သဘာဝအတားအဆီးကြောင့် ခရီးဝေးနေမှုများကို ကျော်လွှားနိုင်ခဲ့ကြပြီ။ ဒေသထွက်ကုန်များ လျင်မြန်စွာ ပို့ဆောင်ရောင်းဝယ်နိုင်မှုနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားဖွံ့ဖြိုးလာမှု အကျိုးပြု လမ်းပန်းဆက်သွယ်ရေးစီမံကိန်းများ အမြန်ပြီးစီးရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော သံလွင်တံတား(တာပါး) ကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် အောက်တိုဘာ ၂၇ ရက်တွင် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်း လမ်းပိုင်းအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး သံလွင်မြစ်ကူး သံလွင်တံတား(တာပါး)သို့ ရောက်ရှိ၍ တံတားကြံ့ခိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၂၈ ရက်တွင် လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ အိမ်ထောင်သည်မိသားစုများနှင့် တွေ့ဆုံကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် လောက်ကိုင်-ကုန်းကြမ်းလမ်း၊ ဟိုပန်-မန်မိန်းဟုန်-ပန်လုံလမ်း ဖောက်လုပ်ရေး စီမံကိန်းများတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိန်းနီမြို့နယ် တပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ အိမ်ထောင်သည်မိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုဝင်ဘာ ၉ ရက်က ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်မည့် မြန်မာအိုင်တီပညာရှင် လူငယ်များအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက် သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

အထက(၃) မြောင်းမြ မြတ်ဆရာပူဇော်ပွဲကျင်းပရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပရာ ရန်ကုန်ရောက် ကျောင်းသားဟောင်းများနှင့် မြောင်းမြမြို့ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် ဦးရဲထွန်း (ဘောဂဗလရောင်းဝယ်ရေး)နှင့် ဦးဌေးကြွယ်(ရွှေတောင် စားသောက်ဆိုင်) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးကြင်ထွေး-ဒေါ်သင်းသင်းကြူ (ဇွဲ ဆန်ရောင်းဝယ်ရေး)၊ ဦးအောင်စစ်သည် မိသားစု၊ ဒေါ်မော်မော်ရွှေ ကိုထွန်းထွန်းလင်း (ရွှေပုစွန်ငါးပိ/ငံပြာရည်ရောင်းဝယ်ရေး)၊ ဦးအောင်ကျော်စိုး (ထွန်းလင်းရတနာဆန်စက်)၊ မစန်းစန်းလင်း(ရန်ကုန်)၊ ဆရာဦးတင်လင်း၊ ဦးခင်မောင်-ဒေါ်အေးအေး (OK စတိုး)၊ ဦးခင်မောင်ဦး (ကြာကန်) နှင့် ဦးဝင်းမောင်-ဒေါ်တင်သိန်းတို့က ငွေကျပ် တစ်သိန်းစီ၊ ငွေကျပ် ငါးသောင်း အလှူရှင်ခုနစ်ဦးနှင့် အလှူခံ ကောက်ခံရရှိငွေများကို အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးတင်အေးနှင့် ကျင်းပရေး ကော်မတီအဖွဲ့ဝင်များက လက်ခံကြသည်။

မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် ငွေကျပ် ၂၂ သိန်းရရှိပြီး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးတင်အေး (အထက-၁၊ ကျောင်းအုပ်ကြီး) ဖုန်း-၀၄၂-၇၁၂၈၅၊ ဒေါက်တာတင်ယုယုအေး (အထက-၃၊ ကျောင်းအုပ်ကြီး) ဖုန်း-၀၄၂-၇၁၄၁၄၊ ဒေါ်စယ်လီလှိုင် (အလက-၂၊ ကျောင်းအုပ်ကြီး) ဖုန်း-၀၉-၄၉၇၄၁၉၉၅၊ ဦးခင်ထွန်း (ကံ့ကော်စံ) ဖုန်း-၀၉-၄၉၇၁၇၄၈၉၊ ဦးကြင်ထွေး (ဇွဲ ဆန်ရောင်းဝယ်ရေး) ဖုန်း-၀၉-၄၉၇၄၁၂၅၈၊ ဒေါ်မော်မော်ရွှေ (ရွှေပုစွန်ငါးပိ/ငံပြာရည်) ဖုန်း-၀၄၂-၇၁၀၄၁၊ ဦးအောင်မင်း ဖုန်း-၀၄၂-၇၁၀၆၃၊ ဦးထွန်းဦး ဖုန်း-၀၄၂-၇၀၃၃၄၊ ဒေါ်သန်းသန်းမြင့် (မျိုးဆက်သစ်) ဖုန်း-၀၄၂-၇၀၃၉၃၊ ဒေါက်တာမထွေးလေး(ရန်ကုန်) ဖုန်း-၀၁-၃၇၁၇၅၈၊ ဒေါက်တာ နန့်စန်းစန်းအေး (ရန်ကုန်) ဖုန်း-၀၁-၅၇၃၂၂၆၊ ဦးခင်မောင်စိုး(ရန်ကုန်) ဖုန်း-၀၁-၇၃၀၇၇၃၆၀၊ ဦးဝင်းမော် (မဥ္ဇူအလှပြုပြင်ရေး-ရန်ကုန်) ဖုန်း-၀၉-၄၉၂၆၈၂၈၄၊ ဒေါ်ဌေးဌေးမြင့်(ရန်ကုန်) ဖုန်း-၀၉-၅၁၇၀၀၇၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်မှ လှူဒါန်းသည့် အဆောက်အအုံဖွင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

ဒလမြို့နယ် လူမှုရေးအသင်း (၇)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနား၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်လှူဒါန်းသည့် အဆောက်အအုံဖွင့်လှစ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ရက် နံနက် ၉ နာရီက ကမာကဆစ် ရပ်ကွက်ရှိ ယင်းရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။ယင်းနောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်သိန်းက အသင်း၏ လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အလှူရှင်များမှ အလှူငွေများကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌက ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

စံပြလေ့ကျင့်ရေးအလယ်တန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

စံပြလေ့ကျင့်ရေး အလယ်တန်းကျောင်း (ယခင် အလက-၁၊ ရန်ကင်း)၏ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ အသက်(၅၀)နှင့်အထက် ဆရာ၊ ဆရာမများအား ကာယကံမြောက် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက် (တန်ဆောင်မုန်းလပြည့်နေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအတွင်း အဆိုပါကျောင်းဝင်း၌ တတိယအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ရာ (ဆရာမ)ဒေါ်ခင်စန်းမြင့် ဖုန်း-၀၁-၇၃၀၅၄၅၀၇၊ ကိုမောင်မောင်မြင့် (ဖိုးချို) ဖုန်း-၀၉-၅၁၀-၉၆၈၆၊ ကိုပြည့်ဖြိုးဝေ ဖုန်း-၀၉-၅၁၆-၉၆၉၁၊ ကိုမောင်မောင်ဝေ ဖုန်း-၀၉-၅၁၀-၆၈၄၀၊ ကိုမြတ်နိုးအောင် ဖုန်း-၀၉-၅၀၀-၂၅၈၉၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉-၅၁၆-၉၅၇၅၊ ကိုကျော်စွာအောင် ဖုန်း-၀၉-၅၀၅ ၉၂၆၆၊ မနေနွယ်မြင့် ဖုန်း-၀၉-၅၁၆ ၃၂၉၇၊ မနွေးနွေးအောင် ဖုန်း-၀၉-၅၀၉ ၁၄၁၂၊ ကိုတိုးဝင်းမြင့် ဖုန်း-၀၁-၅၅၅၃၄၇၊ ကိုမိုးကျော်အောင် ဖုန်း-၀၉-၅၁၉၆၅၈၁ နှင့် မချိုးသက်နွယ် ဖုန်း-၀၉-၅၀၉၁၈၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

လှိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်သော လှိုင်မြို့နယ် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဒုတိယအကြိမ် ဂုဏ်ပြုချီးမြှင့်ငွေများကို မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)က ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ဆန်း(ငြိမ်း)ထံ အောက်တိုဘာ ၃၀ ရက်တွင် ပေးအပ်စဉ်။ (ကြေးမုံ)

လေဘေးဒဏ်သင့် ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများ လက်ခံလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၉

မြေပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန် မြေပုံမြို့နယ်အသင်း(ရန်ကုန်)က စေတနာရှင်ပြည်သူများထံမှ ငွေကြေး၊ ပစ္စည်း၊ အဝတ်အထည်များကို လက်ခံလျက်ရှိပြီး လှူဒါန်းလိုပါက ဦးဘသိန်း(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၈၁၅၈၆ နှင့် ၀၉-၅၁၆၂၁၈၇၊ ဦးကျော်ညွန့်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၇၆၂၀၅၊ ဦးကျော်လှ (ဘဏ္ဍာရေးမှူး) ဖုန်း-၀၁-၂၄၈၂၂၇၊ ဦးထွန်းကျော်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၁-၅၄၆၂၄၅၊ ဒေါ်ငွေခိုင်(အမှုဆောင်) ဖုန်း-၀၁-၃၈၈၂၈၄၊ ဦးသန်းမြင့်(အမှုဆောင်) ဖုန်း-၀၉-၅၁၂၉၃၃၂၊ ဦးဆန်းသိမ်း(အမှုဆောင်) ဖုန်း-၀၁-၅၄၆၃၅၀၊ ဦးတင်ရွှေ (အမှုဆောင်) ဖုန်း-၀၁-၅၂၅၁၈၈ နှင့် ဦးချမ်းသာအောင်(ဂုဏ်ထူးဆောင်အသင်းဝင်) ဖုန်း-၀၁- ၆၃၆၅၁၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၉

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တက်ရောက်၍ လက်ခံသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီး ဒေါ်ခင်ဆွေသန်း မိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ ကွယ်လွန်သူ အဘိုး အဘွားများအား ရည်စူး၍ စိမ်းလဲ့ရိပ်သာ တက္ကသိုလ်ရိပ်သာလမ်းနေ ဒေါ်ရီရီက အလှူငွေကျပ် ငါးသိန်း၊ တိုယိုဘက်ထရီကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင်က ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ ဆိုလာမီးအိမ်အလုံး ၅၀၊ ကျုံဒိုးအထည်ချုပ်စက်ရုံမှ ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်မိုးမိုးဝင်းမိသားစုက ငွေကျပ် ၁၀၃၀၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံအဖြူ အစိမ်းနှင့် အဝတ်အထည်မျိုးစုံနှင့် ကြယ်နီပလတ်စတစ်စက်ရုံ ဦးလှမိုးမိသားစုက ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ထမင်းအုပ်ဆောင်း ၃၆၀ တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီး ဒေါ်ခင်ဆွေသန်းမိသားစုက အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်လက်ခံစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် တိုယိုဘက်ထရီကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအုန်းလွင်က ငွေကျပ် ၁၇ သိန်းတန်ဖိုးရှိ ဆိုလာမီးအိမ်အလုံး ၅၀ ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။ (သတင်းစဉ်)

အလိုအလျောက် မော်တော်ယာဉ် မှတ်တမ်းတင်စနစ် (Car Blackbox System) မိတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၉

True Value မှ မိတ်ဆက်လိုက်သော Car Black box(Car DVR TV-5003) သည် မော်တော်ယာဉ်မောင်းနှင်နေစဉ် တစ်လျှောက်ရှိ ဗီဒီယိုပုံရိပ်များနှင့် အသံများကို Video & Voice မှတ်သားထားနိုင်သောကြောင့် ရုတ်တရက် accidents ဖြစ်ပါက မှတ်သားထားသည်များကို ပြန်လည်ကြည့်ရှုနိုင်ကြောင်း သိရသည်။

GPS စနစ်ပါဝင်သောကြောင့် ယာဉ်မောင်းနှင်ရာ လမ်းကြောင်းတစ်လျှောက်ကို Google Map ပေါ်တွင် ကြည့်ရှုနိုင်သည်။ ယာဉ်နှင့် လိုက်ပါသော လူနှင့် ပစ္စည်းများ၏ အခြေအနေကို ပြန်လည်ကြည့်ရှုနိုင်သည်။ USB Connection System ဖြစ်သောကြောင့် Power စားနှုန်းသက်သာပြီး ကားပေါ်၌ အလွယ်တကူ တပ်ဆင်နိုင်သည်။ လှုပ်ရှားမှု Image File များကို Internal Flash Memory SD Card ဖြင့် လုံခြုံစွာ သိမ်းဆည်းနိုင်သည်။ Partical Zoom ပါဝင်မှုကြောင့် ကွန်ပျူတာတွင် ပုံရိပ်များကိုချဲ့၍ ကြည့်ရှုနိုင်သည်။

မိမိတို့၏ လုပ်ငန်းများ အဆင့်မြင့်တိုးတက်အောင်မြင်ပြီး အကျိုးရှိစွာ အသုံးပြုလိုသူများအတွက် TRUE VALUE ၏ Solutions များကို စိတ်ဝင်စားပါက TRUE VALUE Show Room ရန်ကုန် ရုံးအမှတ် (၃၅၁) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၉၀၁၁၊ ၀၁-၃၇၉၈၇၅နှင့် ၀၉-၈၀၂၂၀၂၅၊ မန္တလေးရုံး အမှတ် (၅) (၂၆)လမ်း (၇၈) လမ်းနှင့် (၇၉) လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး သပြေကုန်းဈေး အနောက်မြောက်အပိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

True Value
Your One Stop Solution Partner

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

မော်လမြိုင်ဆရာအတတ်သင်သိပ္ပံ နှစ်နှစ်သင်တန်းတွင် ပညာသင်ကြားပို့ချပေးခဲ့ကြသည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးမမ္မဗိမ္မာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆရာပူဇော်ပွဲကို ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးစိုးမြင့်(လေးမျက်နှာ) ဖုန်း-၀၉-၅၁၈၃၆၁၆၊ ဒေါ်ရှုကြည်(မြိတ်) ဖုန်း-၀၁-၂၁၀၅၄၀၊ ၀၉-၅၀၆၃၁၈၀၊ ဦးသိန်းထွန်း(မှော်ဘီ)ဖုန်း-၀၁-၆၂၀၇၁၉၊ ဒေါ်ခင်စန်းဝင်း(မင်းလှ) ဖုန်း-၀၉-၅၀၇၀၄၉၁၊ ဒေါ်ခင်သန်းအေး ဖုန်း-၀၁-၆၅၃၃၀၆၊ ဒေါ်သန်းသန်းဌေး ဖုန်း-၀၁-၅၄၆၂၁၁၊ ဒေါ်ခင်ထားတင် (ကျောက်တန်း) ဖုန်း-၇၃၀၄၃၂၆၀၊ ဒေါ်ဖြူဖြူဝင်း (ညောင်လေးပင်) ဖုန်း-၇၃၁၁၅၂၈၂နှင့် ဒေါ်လှလှညွန့်(ဟသ်ာတ) ဖုန်း-၀၁-၃၇၈၅၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အထက(သုဝဏ္ဏ) ကျောင်းသား/ကျောင်းသူဟောင်းများ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏ) အငြိမ်းစား ဆရာ၊ ဆရာမများ လူမှုရေးထောက်ပံ့မှုကော်မတီမှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မဟာသုဝဏ္ဏစာသင်တိုက် ပေါ်ဆန်းမွှေးလမ်း (၂၉)ရပ်ကွက် သုဝဏ္ဏမြို့၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀) ပြည့်ပြီးသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် (၁၉၆၅-၂၀၁၀) စာသင်နှစ်အားလုံးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဦးလှတင် ဖုန်း-၀၉-၅၀၅၀၅၁၆၊ ဦးစိုးပိုင် ဖုန်း-၀၉-၅၁၅၂၆၆၀၊ ဒေါ်ရီရီမြင့် ဖုန်း-၀၁-၅၆၅၂၄၇၊ ဦးချစ်မျိုး ဖုန်း-၀၁-၇၃၀၀၄၆၈၀၊ ဒေါ်အေးအေးဝင်း (နေပြည်တော်) ဖုန်း-၀၉-၄၉၂၁၀၉၀၇၊ ဦးဥက္ကာအေး ဖုန်း-၀၉-၅၁၄၄၀၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ သီချင်းကြီးပဒေသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ “ဘဝသစ်ရဲ့စာမျက်နှာ”
- ၉:၀၀ ၁၃။ စီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Grand Royal Cup(2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် F.Cနှင့် Delta United F.C)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၅:၅၅ ၃။ International Science News
- ၆:၀၀ ၄။ ညနေခင်းသတင်း
- ၆:၁၅ ၅။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၃၅ ၇။ “ရွှေရင်ခုန်သံ”
- ၇:၀၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၀ ၉။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၀)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသောမေတ္တာ” (အပိုင်း-၈)**
- ၁၄။ **မြန်မာဗီဒီယိုဇာတ်လမ်း “စိုးထိုက်စံရာ” (လွင်မိုး၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ကုသိုလ်)**
- ၁၅။ အစီအစဉ်ပြီး၏။

ဘုရင့်နောင်ဈေးကြီး ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာန လက်အောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးကော်မတီမှ (၆) ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ဘုရင့်နောင်ဈေးကြီးအလယ်ရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပမည်ဖြစ်ရာ ဘုရင့်နောင်ဈေးကြီးတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချသော ဆိုင်ပိုင်ရှင်နှင့် ဆိုင်ဝန်ထမ်းတို့၏ သား၊ သမီးများ၊ ဈေးသာယာရေးဝန်ထမ်းတို့၏ သား၊ သမီးများ၊ ဈေးစည်ပင်သာယာရေး ဝန်ထမ်းတို့၏ သား၊ သမီးများမှ အောင်မြင်သူများသည် ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း ဖုန်း-၆၈၂၆၂၄၊ ဈေးသာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၆၈၆၇၆၂နှင့် ဈေးသာယာရေးအဖွဲ့ ရုံးဖုန်း-၆၈၂၀၁၉ တို့သို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

❑ ကျောဖုံးမှ

နွှေစပါးစိုက်ပျိုးမှု၏ အကျိုးကျေးဇူးကို ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာမှ တောင်သူတစ်ဦးဖြစ်သူ ဦးမောင်ဆန်းကလည်း “ယခင်က မိုးစပါးသာ စိုက်ပျိုးခဲ့ပြီး နိုင်ငံတော်အစိုးရရဲ့ ကျေးဇူးကြောင့် ရွှေဘိုခရိုင်အတွင်း၌ ဆည်မြောင်းတာတမံများ များစွာပေါ်ပေါက်ခဲ့လို့လည်း ယခုလို စိုက်ပျိုးနိုင်ခဲ့တာပါ။ အခုဆိုရင် နွှေစပါးတစ်ဧကကို အနည်းဆုံးတင်း ၁၀၀ ခန့် ထွက်ရှိတဲ့အတွက် ကျွန်တော်တို့တောင်သူတွေအတွက် စီးပွားရေးကောင်းမွန်လာပါတယ်။ နွှေစပါး၊ မိုးစပါးနဲ့ ဆောင်းသီးနှံတို့ဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါတယ်” ဟု ပြောကြားသည်။

ထို့ကြောင့် ရွှေဘိုမြေသည် တစ်နှစ်ထက်တစ်နှစ် နွှေစပါးစိုက်ပျိုးနိုင်မှုကြောင့် ဒေသတွင်း ဆန်ဖူလုံမှုရာနှုန်း တိုးတက်မြင့်မားလာပြီး ကျန်ဒေသများသို့ပါ ဆန်တင်ပို့ရောင်းချနိုင်ခဲ့သည်။ ။

ဆီးချိုသွေးချိုရောဂါ၏ သတိပေးလက္ခဏာများ

❖ ဆီးချိုသွေးချိုရောဂါအန္တရာယ်သည် လူတိုင်းမှာ ဖြစ်နိုင်ပါသည်။

❖ ဆီးချိုသွေးချိုရောဂါ၏ သတိပေးလက္ခဏာများ ရှိ/မရှိ သတိထားကြည့်နေရန် လိုအပ်ပါသည်။

- ဆီးခဏခဏသွားခြင်း၊
- ရေအငတ်လွန်ခြင်း၊
- ဆာလောင်မွတ်သိပ်နေခြင်း၊
- ပိန်သွားခြင်း
- နုံးချည့်နေခြင်း၊
- ပတ်ဝန်းကျင်အား စိတ်ဝင်စားမှု မရှိခြင်း၊
- စိတ်အာရုံစူးစိုက်မှု မရှိခြင်း၊
- အန်ခြင်း၊
- ဗိုက်နာခြင်း၊
- ခြေလက်များထုံခြင်း၊ ကျဉ်ခြင်း၊
- အမြင်အာရုံဝါးခြင်း၊
- အနာများ မကြာခဏပေါက်ခြင်း၊
- အနာကျက်ခဲခြင်း၊

❖ ၎င်းသတိပေးလက္ခဏာများ သိသာထင်ရှားစွာ မရှိဘဲလည်း အမျိုးအစား(၂) ဆီးချိုသွေးချို ရောဂါဖြစ်နေနိုင်ပါသည်။

❖ တစ်နေ့လျှင် မိနစ် (၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုနှုန်း (၄၀%)လျော့နည်းစေနိုင်ပါသည်။

ဥတုရာသီ တောကိုမှီ၏

တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကြီးကို တရုတ်ကြိုဆို

ပေကျင်း နိုဝင်ဘာ ၉

မြန်မာနိုင်ငံတွင် နိုဝင်ဘာ ၇ ရက်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြိုဆိုပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီက အင်္ဂါနေ့တွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် အရွေးချယ်ခံအစိုးရအဖွဲ့တစ်ဖွဲ့ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံက ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်တွင် နိုဝင်ဘာ ၇ ရက်က ကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပုံမှန်သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဟောင်က ပြောကြားသည်။

အဆိုပါ ရွေးကောက်ပွဲကြီးသည် နှစ်ပေါင်းနှစ်ဆယ်အတွင်း မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သော ပါတီစုံရွေးကောက်ပွဲကြီးလည်းဖြစ်သည်။

ယင်းရွေးကောက်ပွဲကြီးတွင် နိုင်ငံတစ်ဝန်းမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၂၉ သန်းခန့်တို့က မဲရုံပေါင်း ၆၀၀၀၀တွင် ပါဝင်မဲထည့်ခဲ့ကြသည်။

ရွေးချယ်ခံအစိုးရတစ်ရပ်ဖြစ်ပေါ်ရေးအတွက် တည်ငြိမ်ချောမွေ့စွာ ကျင်းပနိုင်ခဲ့သော မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးသည် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ကြိုဆိုအသိအမှတ်ပြုသင့်ကြောင်း ဟောင်ကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လီ။

ကိုရီးယားကျွန်းဆွယ်ကို ကိုလိုနီပြုခဲ့စဉ် ယူဆောင်သွားသော အနုပညာပစ္စည်းများ တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ပေးအပ်ရန် ဂျပန်နိုင်ငံ သဘောတူညီ

ဆိုးလ် နိုဝင်ဘာ ၉

ဂျပန်တပ်များက ကိုရီးယားကျွန်းဆွယ်ဒေသကို ၁၉၁၀ ခုနှစ်မှ ၁၉၄၅ ခုနှစ်များအတွင်း ကိုလိုနီပြု သိမ်းပိုက်ထားစဉ် ယူငင်သွားသော ယဉ်ကျေးမှုအနုပညာလက်ရာ ၁၂၀၀ကျော်ကို ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ခိုင်မာစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ကိုရီးယားနိုင်ငံသို့ ပြန်လည်ပေးအပ်ရန် ဂျပန်နိုင်ငံက သဘောတူခဲ့ကြောင်း နိုဝင်ဘာ ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

သဘောတူညီမှုရ

ဂျပန်တပ်များ ယူငင်သိမ်းဆည်းသွားသော ဂျိုဆောင်မင်းဆက်ခေတ် ယဉ်ကျေးမှုအနုလက်ရာများကို ကိုရီးယားနိုင်ငံသို့ ပြန်လည်ပေးအပ်ရေးအတွက် နောက်ဆုံးသဘောတူညီမှုတစ်ရပ်ကို ရရှိပြီဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ပေးအပ်မည့် ဂျိုဆောင်ခေတ် လက်ရာစာအုပ် ၁၂၀၅ အုပ်ကို တိုကျိုမြို့ရှိ ဂျပန်ဧကရာဇ်နန်းတော်တွင် သိမ်းဆည်းထားကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

၆၀၀၀၀ ကျော်ရှိ

ဂျပန်ဧကရာဇ်နန်းတော်၌ပင် ဂျိုဆောင်ခေတ်လက်ရာ အနုပညာပစ္စည်း ၆၀၀၀၀ ကျော်ရှိနေသေးကြောင်း တောင်ကိုရီးယားအစိုးရ၏ သတင်းအချက်အလက်များကို ကိုးကား၍ တောင်ကိုရီးယားပြည်တွင်းသတင်းစာတစ်စောင်က ဖော်ပြသည်။

၁၉၆၅ ခုနှစ်တွင် သဘောတူညီခဲ့သော ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ထားရှိမှုစာချုပ်အရ ကိုရီးယားကျွန်းဆွယ်ကို ဂျပန်က သိမ်းပိုက်ခဲ့စဉ် ယူငင်ခဲ့သော အနုပညာလက်ရာ ၁၃၀၀ ခန့်ကို ဂျပန်အစိုးရက ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အကြမ်းဖက်ကွန်ရက်နှင့် ဆက်နွယ်သူငါးဦး ပြင်သစ်ဖမ်းဆီး

ပါရီ နိုဝင်ဘာ ၉

စစ်သင်တန်းတက်ရန်အတွက် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်ရှိ မျိုးနွယ်စုတို့၏ နယ်မြေသို့ ပြင်သစ်နိုင်ငံသားများကို ပို့ပေးလျက်ရှိသည်ဆိုသော ကွန်ရက်တွင် ပါဝင်လှုပ်ရှားနေသူများဟု ယူဆရသူ ငါးဦးကို ဖမ်းဆီးခဲ့ကြောင်း လုံခြုံရေးအရာရှိတစ်ဦးနှင့် ပါရီရှေ့နေရုံးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

၎င်းတို့အနက် နှစ်ဦး ပြင်သစ်နိုင်ငံသို့ ပြန်အလာ ပါရီမြို့မြောက်ပိုင်း ချားလ်စ်ဒီဂေါလ်လေဆိပ်၌ အင်္ဂါနေ့နံနက်ပိုင်းတွင် ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ရှေ့နေရုံးက ပြောကြားသည်။ ကျန်သုံးဦးကို တနင်္လာနေ့ ညနေပိုင်းတွင် မြို့တွင်းတစ်နေရာ၌ ဖမ်းဆီးခဲ့သည်ဟုဆိုသည်။

အကြမ်းဖက်တိုက်ဖျက်ရေး အထူးတရားသူကြီးများ၏ မေတ္တာရပ်ခံချက်အရ ၎င်းတို့ငါးဦးကို ဖမ်းဆီးခြင်းဖြစ်သည်ဟု ရှေ့နေရုံးက ပြောသည်။

စစ်ကြောမေးမြန်း

တာလီဘန်စစ်သွေးကြွများကြီးစိုးလျက်ရှိသည့် ပါကစ္စတန်အနောက်ပိုင်း မျိုးနွယ်စုတို့၏ ဒေသများဆီသို့ ပြင်သစ်နိုင်ငံသားများကို ပို့ပေးခဲ့ကြသော ကွန်ရက်တစ်ခုနှင့် စပ်လျဉ်း၍ ၎င်းတို့ကို စစ်ကြောမေးမြန်းလျက်ရှိကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောသည်။

ပြင်သစ်နိုင်ငံသားများသည် အယ်လ်ခိုင်ဒါ၏ ပစ်မှတ်ဖြစ်သည်ဟု အိုစမာဘင်လာဒင်၏ အသံလွှင့်မှ ပြောကြားချက်အပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုဆိုင်ရာ သတိပေးမှုများပေါ်ပေါက်လာပြီးနောက် အကြမ်းဖက်သမားများနှင့် နီးနွယ်နေသော ကိစ္စရပ်များကို ပြင်သစ်နိုင်ငံက သတိထားလျက်ရှိသည်။

အကြမ်းဖက်နည်းပညာများသင်ယူရန် အမိနိုင်ငံမှ နိုင်ငံသားများထွက်ခွာကြခြင်းသည် ပြင်သစ်နိုင်ငံနှင့် အခြားဥရောပနိုင်ငံများအတွက် အထူးတလည် စိုးရိမ်ဖွယ်ရာဖြစ်သည်။

အေပီ။

နိုဝင်ဘာ ၉ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိလာသော ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း။

တရုတ်နိုင်ငံသို့ ဗြိတိန်ဝန်ကြီးချုပ် ရောက်ရှိ၊ စီးပွားရေးလုပ်ငန်း ထိပ်သီးညီလာခံသို့ တက်ရောက်မည်

ပေကျင်း နိုဝင်ဘာ ၉ - ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် မေလတွင် ဗြိတိသျှနိုင်ငံ၏ အစိုးရအဖွဲ့အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် တရုတ်နိုင်ငံမြို့တော် ပေကျင်းသို့ နိုဝင်ဘာ ၉ ရက်တွင် ရောက်ရှိလာသည်။

ကင်မရွန်းသည် တရုတ်သမ္မတ ဟူကျင်တောင်နှင့်လည်းကောင်း၊ ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ကင်မရွန်းသည် တရုတ်ခေါင်းဆောင်များနှင့်အတူ တရုတ်-ဗြိတိန် စီးပွားရေးလုပ်ငန်း ထိပ်သီးဆွေးနွေးပွဲသို့လည်း တက် ရောက်ရန် စီစဉ်ထားသည်။ ၎င်းအပြင် ပီကင်းတက္ကသိုလ်၌ မိန့်ခွန်းပြောကြားကာ ကျောင်းသူ၊ ကျောင်းသားများနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဝန်ကြီးချုပ်ကင်မရွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးများ၊ စက်မှုလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည်။ ဗြိတိန်ဝန်ကြီးချုပ်တစ်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ လာရောက်ခဲ့ဖူးသမျှတွင် ယခုကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင်အများဆုံးဖြစ်သည်။

ဝန်ကြီးချုပ်ကင်မရွန်း၏ ခရီးစဉ်သည် နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု မြှင့်တင်နိုင်ရန် ရည်ရွယ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဆီဘက်ရှန်ရဒ်က ပြောကြားသည်။ ဝန်ကြီးချုပ်ကင်မရွန်း၏ ခရီးစဉ်အတွင်း ကုန်သွယ်ရေး၊ ဘဏ္ဍာရေး၊ စွမ်းအင်နှင့် ပညာရေးဆိုင်ရာ အကြောင်းရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

အီရတ်၌ ကားဗုံးပေါက်ကွဲမှုများကြောင့် အီရန်နိုင်ငံသားများ အပါအဝင် ၁၅ ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၉

ပြည်တွင်းနိုင်ငံရေးပြဿနာကို ဖြေရှင်းရန် အီရတ်နိုင်ငံရေးခေါင်းဆောင်များက လုံးပန်းနေစဉ် အီရတ်မြို့ကြီးအချို့တွင် တနင်္လာနေ့က ကားဗုံးပေါက်ကွဲမှု သုံးရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၅ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုနှစ်ရပ်မှာ ရှီးယိုက်တို့ အထွတ်အမြတ်ထားရာ ကာဘလာနှင့် နာဂျက်ဖ်မြို့များသို့ လာရောက်သော အီရန်ဘုရားဖူးများကို ပစ်မှတ်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

တတိယမြောက် ကားဗုံးပေါက်ကွဲမှုမှာ ဘာဆရာပြည်နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အီရတ်စစ်ဘက် သတင်းရပ်ကွက်မှ ထွက်ပေါ်လာသော သတင်းတစ်ပုဒ်အရ ငါးဦးသေဆုံးပြီး ၄၂ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဘာဆရာပြည်နယ်တွင် ဖြစ်ပွားသော ကားဗုံးပေါက်ကွဲမှုသည် နာဂျက်ဖ်နှင့် ကာဘလာမြို့များတွင် ဖြစ်ပွားသော ပေါက်ကွဲမှုများနှင့် ဆက်စပ်မှုရှိကြောင်း၊ အယ်လ်ခိုင်ဒါနှင့် ဘာ့သ်ပါတီဝင်ဟောင်းများ၏ တိုက်ခိုက်မှုများဖြစ်ဖွယ်ရှိကြောင်း ဘာဆရာပြည်နယ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘာဆရာပြည်နယ် စစ်ဌာနချုပ်မှ ထွက်ပေါ်လာသော သတင်းတစ်ရပ်တွင် ဗုံးတပ်ဆင်ထားသော ထရပ်ကားတစ်စီးကို အသုံးပြု၍ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ အဆိုပါ ဖောက်ခွဲမှုကို အသေခံဗုံးခွဲသမားတစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲတစ်ဦးကပြောကြားသည်။

ရိုက်တာ။

နိုဝင်ဘာ ၈ ရက်က တီဟီရန်၌ ကျင်းပသော အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲအဖွဲ့၏ အစည်းအဝေးတွင် အီရန်သမ္မတ အဖွင့်မိန့်ခွန်းပြောကြားစဉ်။

အာရှသမဂ္ဂထူထောင်ရန် အီရန်သမ္မတ အဆိုပြု

တီဟီရန် နိုဝင်ဘာ ၉

အာရှနိုင်ငံများ၏ အကျိုးစီးပွားများကို သယ်ပိုးဆောင်ကြဉ်းပေးနိုင်ရေးအတွက် အာရှသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်သင့်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က အဆိုပြုလိုက်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရေးအဖွဲ့၏ နဝမအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကို အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုဝင်ဘာ ၈ ရက်က ဖွင့်လှစ်ရာတွင် အီရန်သမ္မတက အထက်ပါအတိုင်း အဆိုပြုခြင်းဖြစ်သည်။

ယခုကျင်းပသည့် နှစ်ရက်ကြာအစည်းအဝေး၌ အာရှနိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့အင်အားချိန်ခွင်လျှာ အနေအထားသစ်ဖြစ်ပေါ်လာရေးအတွက် အာရှနိုင်ငံများ၏ အခန်းကဏ္ဍမှာ အရေးပါကြောင်း အီရန်သမ္မတက ပြောကြားသည်။

နယ်ချဲ့ဝါဒီ ကမ္ဘာ့အင်အားကြီးနိုင်ငံများသည် နိုင်ငံတကာဆက်ဆံရေးတွင် အပေါ်စီးမှ ရှုမြင်လေ့ရှိပြီး ကမ္ဘာ့ရေးရာများကို ဝင်ရောက်စွက်ဖက်နေကြကြောင်း၊ ယင်းနိုင်ငံများသည် လူမဆန်သော မူဝါဒများကို ချမှတ်ကျင့်သုံးလျက်ရှိကြောင်း အီရန်သမ္မတက ဝေဖန်ပြောကြားသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဖနောင်ပင်မြို့တွင် နိုဝင်ဘာ ၉ ရက်က ကျင်းပသော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို တွေ့ရစဉ်။ [အဆိုပါ အခမ်းအနားသို့ ကမ္ဘောဒီးယားဘုရင် နိုရိုဒွန် ဆီဟာမိုနီ အပါအဝင် အစိုးရအဖွဲ့ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။] (ဓာတ်ပုံ-အင်တာနက်)

လေကြောင်းလုံခြုံရေးစည်းမျဉ်းများ တင်းကျပ်ရန် အီးယူဝန်ကြီးများ သဘောတူ

ဘရပ်ဆဲလ် နိုဝင်ဘာ ၉ - အမေရိကန်ပြည်ထောင်စုသို့တင်ပို့သော ပါဆယ်ဗုံးများကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီးနောက် လေကြောင်းဆိုင်ရာ လုံခြုံရေးစည်းမျဉ်းများကို ပိုမိုတင်းကျပ်ရန် ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများက တနင်္လာနေ့တွင် သဘောတူခဲ့ကြောင်းသိရသည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် တွေ့ဆုံခဲ့ကြသော အီးယူအဖွဲ့ဝင်နိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးများသည် ဂျာမနီနိုင်ငံ၏ အဆိုပြုချက်အရ လုံခြုံရေးလစ်ဟာမှုရှိသော လေဆိပ်များစာရင်းကို ပြုစုခြင်းအပါအဝင် အထူးလုပ်ငန်းများကို ပြင်ဆင်ရန် ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ကြသည်။

ပြီးခဲ့သည့် သီတင်းပတ်များအတွင်းက အမေရိကန်နိုင်ငံအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ရန် ယီမင်အကြမ်းဖက်အုပ်စုများက ပါဆယ်ဗုံးများကို ကုန်တင်လေယာဉ်များဖြင့် တင်ပို့ခဲ့ကြသည်။ အလားတူ ဂရိနိုင်ငံမှ စစ်သွေးကြွများကလည်း အေသင်မြို့ရှိ နိုင်ငံခြားသံရုံးများ၊ ဂျာမန်အဓိပတိ အင်ဂျလာမာကယ်လ်၏ ရုံးခန်းအပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အစိုးရများထံ ပါဆယ်ဗုံးများ ပို့ခဲ့ကြသည်။

လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လေဆိပ်များ၏ နာမည်ပျက်စာရင်းကို ပူးပေါင်းပြုစုရန် ဂျာမနီနိုင်ငံက အဆိုပြုခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

အရှေ့ဂျေရုဆလင်တွင် တည်ဆောက်မည့် ဂျူးအိမ်ရာစီမံကိန်း အစ္စရေးထုတ်ပြန်

ဂျေရုဆလင် နိုဝင်ဘာ ၉

ပါလက်စတိုင်းသားများက အပြင်းအထန်ကန့်ကွက်နေသော်လည်း အရှေ့ဂျေရုဆလင်တွင် ဂျူးမိသားစုများအတွက် လူနေတိုက်ခန်းသစ် ၁၃၀၀ တည်ဆောက်မည့် စီမံကိန်းများကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အစ္စရေးပြည်ထဲရေးဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဂျူးအခြေစိုက်အိမ်ရာပြဿနာနှင့် စပ်လျဉ်းပြီး ရပ်ဆိုင်းခဲ့ရသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည်ဖော်ဆောင်ရေးအတွက် နည်းလမ်းရှာနေသော အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေသည့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုအတွက် အဆိုပါကြေညာချက်သည် မျက်နှာပူဖွယ် ကြေညာချက်တစ်ရပ်ဖြစ်ဖွယ် ရှိလာနိုင်သည်။

၁၉၆၇ ခုနှစ် စစ်ပွဲကာလအတွင်း အစ္စရေးတို့သိမ်းပိုက်ခဲ့သော အရှေ့ဂျေရုဆလင်ရပ်ကွက်နှစ်ခုတွင် ဖော်ဆောင်မည့် ဂျူးအခြေစိုက်အိမ်ရာစီမံကိန်းများကို လူသိရှင်ကြားကြေညာထားပြီးဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရန် အစီအစဉ်ရေးဆွဲပြီးဖြစ်ကြောင်း အစ္စရေးပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများ အမှန်တကယ်စတင်ရန် သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်ဒါများစတင်ခေါ်ယူရန် အချိန်ကာလ ကြာမြင့်ဦးမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။ **ရိုက်တာ။**

ဟေတီနိုင်ငံတွင် တိုမတ်စ်ဟာရီကိန်းမုန်တိုင်းကြောင့် လူ ၂၀ ထက်မနည်း သေဆုံး

ဆန်တိုဒိုမင်ဂို နိုဝင်ဘာ ၉

ဟေတီနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းတိုမတ်စ်သည် သောကြာနေ့ကတည်းက စတင်တိုက်ခတ်ခဲ့ရာ ယခုအချိန်အထိ လူ ၂၀ ထက်မနည်း သေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိကာ ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဟေတီနိုင်ငံ မြို့ပြကာကွယ်ရေး စီမံခန့်ခွဲမှုဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

မုန်တိုင်းဒဏ်မှ လူပေါင်း ၃၆၇၅၅ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၃၁၇၃၁ ဦးမှာ အရေးပေါ်ခိုလှုံရာနေရာများ၌ နေထိုင်လျက်ရှိကြောင်း၊ ပေါ်တိုပရင့်စ်မြို့မှ ပေးပို့သော သတင်းအရ အရေးပေါ်ဌာနက ပြောကြားသည်။

ဟာရီကိန်းမုန်တိုင်း တိုမတ်စ်ကြောင့် လေပြင်းများ တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းကာ အိမ်ပေါင်း ၈၈၅ လုံး လုံးဝပျက်စီးဆုံးရှုံးခဲ့ရပြီး လူနေအိမ် အနည်းဆုံး ၅၀၀၀ ခန့် ပျက်စီးခဲ့ခြင်းကြောင့် မိသားစုပေါင်း ၆၀၀၀ ကျော် အတိဒုက္ခရောက်ခဲ့ရသည်။

ဟေတီနိုင်ငံ၌ ဇန်နဝါရီလက လှုပ်ခဲ့သော ငလျင်ကြောင့် ဒုက္ခကြုံတွေ့ခဲ့ရသူများမှာ ယာယီဒုက္ခသည် စခန်းများတွင်နေထိုင်နေရဆဲဖြစ်ရာ တိုမတ်စ်မုန်တိုင်းကြောင့် ဒုက္ခသည်များ နေထိုင်ရာ ရွက်ဖျင်တဲ ၃၀ ရာခိုင်နှုန်း ပျက်စီးခဲ့ရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

ဆူဒန်တိုက်လေယာဉ် ပစ်ချခံရသည်ဟုဆို

နိုင်ရိုဘီ နိုဝင်ဘာ ၉ - ဆူဒန်အစိုးရလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အမ်အိုင်ဂျီ ၂၉ တိုက်လေယာဉ်တစ်စင်းကို ပစ်ချနိုင်ခဲ့သည်ဟု ဒါဖာသူပုန်များက အင်္ဂါနေ့တွင် ကြေညာကြောင်း ဆူဒန်ထရီဗြွန်း သတင်းစာ၏ အွန်လိုင်းစာမျက်နှာတွင် ဖော်ပြထားသည်။

တရားမျှတရေးနှင့် တန်းတူညီမျှရေးလှုပ်ရှားမှုအဖွဲ့ (ဂျေအီးအမ်)၏ ပြောရေးဆိုခွင့်ရှိသူ အလီအယ်လ်ခါဖီ၏ ပြောကြားချက်ကို သတင်းစာက ကိုးကား၍ ဖော်ပြခြင်းဖြစ်သည်။

အလီက မြောက်ကော်ဒိုဖန်ပြည်နယ် မာဂျာမြို့အနီး၌ တနင်္လာနေ့ ညနေပိုင်းတွင် ဂျက်တိုက်လေယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ဆူဒန်စစ်ဘက်၏ သဘောထားမှတ်ချက်ကို ချက်ချင်းမရနိုင်သည့်အတွက် ယင်းသတင်းကို အတည်မပြုနိုင်သေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဒါဖာနှင့် ကော်ဒိုဖန်ပြည်နယ်များတွင် ဆူဒန်အစိုးရကြည်းတပ်ဖွဲ့နှင့် ဂျေအီးအမ်သူပုန်များအကြား တိုက်ပွဲများဖြစ်ပွားနေစဉ် အဆိုပါ အမ်အိုင်ဂျီ လေယာဉ်ပစ်ချခြင်းခံရကြောင်း သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ နှစ်ဖက်စလုံးက တိုက်ပွဲများတွင် အနိုင်ရရှိကြောင်း ကြေညာလျက်ရှိသည်။ **အေပီ။**

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တိုင်းမှူးတံခွန်စိုက်ဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် နိုဝင်ဘာ ၁ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပသော တိုင်းမှူး တံခွန်စိုက်ဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အမျိုးသား အသင်းလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ အသင်းအလိုက် ဆုရရှိကြသော အမျိုးသမီးအသင်းများ၊ အမျိုးသားအသင်းများနှင့် အမျိုးသမီး တစ်ဦးချင်းအကောင်းဆုံးဆု ရရှိကြသူများ၊ အမျိုးသားတစ်ဦးချင်း အကောင်းဆုံးဆု ရရှိကြသူများအား ဆုတံဆိပ်၊ ငွေသားဆုများနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆု ရရှိကြသော အသင်းများအား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) တွင် MCC Centre ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် 83-Betch မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ ကိုယ်စား ဒေါ်ချိုချို၊ ဒေါ်မူမူမြင့်နှင့် ဒေါ်မြင့်မြင့်စိန်တို့က ငွေကျပ် ၁၀ သိန်းကို ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျောက်ဆည်အသင်း(ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

ဆဋ္ဌမအကြိမ်မြောက် ကျောက်ဆည်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကို အသင်းတည်ရှိရာ အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်မွေ့ရုံ ဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ကျောက်ဆည်နွယ်ဖွား ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးတို့မှ အသင်းသား၊ အသင်းသူများ တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်းရုံး ဖုန်း -၀၁-၅၅၂၇၃၆ သို့ ထိုနေ့ မတိုင်မီ ဆက်သွယ်ပေးပို့ လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၁၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၁)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၅။ Mail Box
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၁၉)
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၆)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -လွဲနေကြသူများ (သူရလင်း၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ နန်းစုရတီစိုး၊ အကယ်ဒမီမြတ်ကေသီအောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ ထက်အိကလျာ၊ နှိုင်းယှဉ်မြင့်မိုရ်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၃။ Internet Website ကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၄)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

၁၉၆၈ ခုနှစ် ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

၁၉၆၈ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် တရားရုံးချုပ်ရှေ့နေများ ဖြစ်ကြသော ခနုဖြူ ဦးစိုးမြင့် ဖုန်း-၀၉-၅၁၅၀၄၁၈၊ ဦးချစ်လှိုင် ဖုန်း-၅၆၄၄၈၇၊ ဦးဇော်သိန်းထွန်း ဖုန်း-၀၉-၅၀၀၀၆၉၀၊ ဦးမောင်မောင်အုန်း ဖုန်း-၆၁၀၇၂၄၊ ဦးမောင်မောင်(ဒိုက်ဦး)၊ ဒေါ်ခင်ဆွေရီနှင့် ဒေါ်ခင်လှမြင့် ဖုန်း-၂၅၂၉၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၉

ကျွန်းစုမြို့ မြကျွန်းသာဂေါက်ကလပ်တွင် စက်တင်ဘာ ၁၀ ရက်က ဦးသိန်းညွန့်သည် ကစားဖော်များဖြစ်သော ဦးငွေထွန်း၊ ဒေါက်တာကျော်စွာလွင်၊ ဦးသီဟစိုးတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁)သို့ ကိုက် ၁၁၀အကွာမှ EV.00 ဘောလုံးကို ping zing P.WEDGE တုတ်ဖြင့်ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး “ဂီရိ” တိုက်ခတ်ခဲ့သော်လည်း . . .

တင်ဌေး (မိုး/ဇလ)

၂၀၁၀ခုနှစ်ရဲ့ အောက်တိုဘာလအတွင်းရှိ ရက်အတော်များများမှာ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်တဲ့ မုန်တိုင်းတွေနဲ့ပတ်သက်တဲ့ သတင်းများက လွှမ်းမိုးနေခဲ့ပါတယ်။ အဲဒါတွေကတော့ အောက်တိုဘာ ၇ ရက်နဲ့ ၈ ရက်တွေမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဝင်ရောက်ခဲ့တဲ့ မုန်တိုင်းငယ်၊ အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဂိုပါလ်ပူမြို့အနီးက ဝင်ရောက်ခဲ့တဲ့ မုန်တိုင်းငယ်နဲ့ အင်အားအလွန်ပြင်းထန်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးအဆင့်နဲ့ ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့တဲ့ “ဂီရိ” မုန်တိုင်းကြီးတို့ပဲဖြစ်ပါတယ်။ “ဂီရိ” မုန်တိုင်းကြီးအပါအဝင် အခြားမုန်တိုင်းတွေနဲ့ ပတ်သက်တဲ့ မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုတွေ သိရှိစေနိုင်ဖို့ ရေးသားတင်ပြလိုပါတယ်။

ဘင်္ဂလားပင်လယ်အော်မုန်တိုင်းများ

ကမ္ဘာအနှံ့အပြား ပင်လယ်၊ သမုဒ္ဒရာ၊ ပင်လယ်အော်များတွင် နှစ်စဉ်ပျမ်းမျှ မုန်တိုင်းအကြိမ် ၈၀ ဖြစ်ပေါ်လေ့ရှိရာ ဘင်္ဂလားပင်လယ်အော်မှာ တစ်ကမ္ဘာလုံး မုန်တိုင်းဖြစ်ပေါ်မှုရဲ့ ခုနစ်ရာခိုင်နှုန်းခန့်သာ ဖြစ်ပေါ်ပါတယ်။ ဖြစ်ပေါ်တဲ့ အချိန်ကာလကလည်း မုတ်သုံရာသီလေမှန်များ အပြောင်းအလဲဖြစ်ချိန် ကာလများဖြစ်တဲ့ ဧပြီလ၊ မေလနဲ့ အောက်တိုဘာလ၊ နိုဝင်ဘာလများမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မိုးကြိုနဲ့ မိုးလွန်ကာလတွေပါ။ ဒါပေမယ့် ဘင်္ဂလားပင်လယ်အော်ရဲ့ ပထဝီအနေအထားဟာ မုန်တိုင်းတွေ ဖြစ်လာရင် အချိန်နှစ်ရက် သုံးရက်အတွင်းမှာ ကမ်းခြေတွေကို ဖြတ်ကျော်တဲ့ စရိုက်လက္ခဏာတွေ ရှိပါတယ်။ ကမ်းရိုးတန်း နှစ်ဖက်ရှိတဲ့ အိန္ဒိယနိုင်ငံမှာဆို အရှေ့ဘက်ဘင်္ဂလားပင်လယ်အော်က မုန်တိုင်းတွေက ပိုပြီး အပျက်အစီးများစေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ မုန်တိုင်းတွေဝင်ရောက်တာ အများဆုံးကတော့ ရခိုင်ပြည်နယ်ပဲ ဖြစ်ပါတယ်။ မုန်တိုင်းတွေဟာ အပူပိုင်းဒေသအနီးမှာ စတင်ဖြစ်ပေါ်ပြီး သမပိုင်းဒေသတွေဆီကို ရွေ့လျားတတ်ကြပါတယ်။ အမည်ပေးစနစ်နဲ့ ပတ်သက်လို့ကတော့ အရင်ကမုန်တိုင်းတွေကို မိုးလေဝသဌာနများသာ သိလွယ်တဲ့ မှတ်ပုံတင်အမှတ်နဲ့သာ အရေအတွက်ကို လိုက်ပြီး သတ်မှတ်ပေးရာမှ နောက်ပိုင်းမှာ မုန်တိုင်းဖြစ်ပေါ်တဲ့ ပင်လယ်သမုဒ္ဒရာနဲ့ နီးစပ်ရာဒေသရှိ နိုင်ငံများစုစည်းကာ တိုင်ဖွန်းမုန်တိုင်းအဖွဲ့၊ ဟာရီကိန်းမုန်တိုင်းအဖွဲ့၊ ဆိုင်ကလုန်းမုန်တိုင်းအဖွဲ့တွေ ဖွဲ့စည်းတည်ထောင်ကာ နိုင်ငံအလိုက် နာမည်တွေပေးထားကြပြီး မုန်တိုင်းတွေကို အလှည့်ကျ အမည်နာမ ပေးကြပါတယ်။ ယခု “ဂီရိ”မုန်တိုင်းကြီးကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကပေးတဲ့ အလှည့်ကျနာမည်ဖြစ်ပြီး တောင်လို့ အဓိပ္ပာယ်ရပါတယ်။

မုန်တိုင်းတွေဟာ ပင်လယ်ထဲမှာ အရှိန်အဟုန်နဲ့ အင်အားတွေကို စုစည်းရာကနေ ကမ်းခြေကို ဖြတ်တာနဲ့ လေပြင်းတိုက်ခတ်မှုနဲ့အတူ မိုးသည်းထန်စွာ ရွာစေတတ်ကာ ပင်လယ်ဒီရေတွေ ရုတ်တရက်မြင့်တက်လာစေပါတယ်။ အဲဒီဖြစ်စဉ်တွေရဲ့ ပြင်းထန်မှု အတိုင်းအတာဟာ မုန်တိုင်းရဲ့ အင်အားကို မူတည်ပါတယ်။ ဒီအဖျက်စွမ်းအင်သုံးမျိုးကြောင့် ပျက်စီးဆုံးရှုံးတဲ့ ပမာဏဟာ တော်တော်များပါတယ်။ ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဝင်ရောက်ခဲ့တဲ့ မုန်တိုင်းကြီးကြောင့် လူသုံးသိန်းလောက် အသက်ဆုံးရှုံးခဲ့ရပြီး ၂၀၀၈ ခုနှစ် မေလမှာ မြန်မာနိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့တဲ့ “နာဂစ်” မုန်တိုင်းကြီးကြောင့် လူဦးရေတစ်သိန်းကျော် သေကျေခဲ့ရပါတယ်။

မုန်တိုင်းတစ်ခုဟာ အင်အားဘယ်လောက်အထိ ကြီးမားလာမယ်၊ ဘယ်အရပ်ကို ဦးတည်ရွေ့လျားမယ်ဆိုတာ မုန်တိုင်းဖြစ်ပေါ်ရာ ပင်လယ်သမုဒ္ဒရာရဲ့ မိုးလေဝသအခြေအနေများအပေါ်ကို မူတည်နေပြီး အလွယ်တကူ မှန်းဆဖို့ ခက်ခဲပါတယ်။ မြေပြင်မိုးလေဝသအခြေအနေ တိုင်းထွာချက်တွေ၊ ဂြိုဟ်တုမိုးလေဝသပုံတွေ၊ အထက်လေကြောင်းတိုင်းထွာချက်တွေကို အတွေ့အကြုံရှိတဲ့ မိုးလေဝသခန့်မှန်းရေးမှူးတွေက အချိန်ပြည့် စောင့်ကြည့်လေ့လာတွက်ချက်ပြီးမှ တိကျမှန်ကန်တဲ့ ခန့်မှန်းချက်၊ သတိပေးချက်တွေ ထုတ်ပြန်ပေးနိုင်တာပါ။ မုန်တိုင်းအများစုကတော့ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ပြီး ညီညာတဲ့မြေပြင်ဘက်ဆီကို ဦးတည်တတ်ကြပြီး ကုန်းတွင်းမုန်တိုင်းအဖြစ်နဲ့ ဆက်လက်ရွေ့လျားရာက တဖြည်းဖြည်း အားပျော့ပျက်ပြယ်တတ်ပါတယ်။ ကုန်းတွင်းပိုင်းမှာ တောင်တန်းကြီးတွေနဲ့ တွေ့ခဲ့ရင်တော့ အားပျော့သွားမှု မြန်တတ်ပါတယ်။ မုန်တိုင်းတွေဟာ စတင်ဖြစ်ပေါ်ဖို့ကို အချိန်ကြာကြာအားပျိုးယူရာမှာ ရေထု၊ လေထုတွေရဲ့ အပြန်အလှန် တွန်းအားပေးပံ့ပိုးမှုကို ရယူကြရပါတယ်။

ဘင်္ဂလားပင်လယ်အော် မုန်တိုင်းနိုင်ငံများအဖွဲ့က မုန်တိုင်းတွေရဲ့ အင်အားအနည်းအများအပေါ် မူတည်ပြီး မုန်တိုင်းငယ်၊ ဆိုင်ကလုန်းမုန်တိုင်း၊ အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း၊ အားအလွန်ကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးဆိုပြီး မုန်တိုင်းအဆင့်ကို ခွဲခြားသတ်မှတ်ထားပါတယ်။ အဓိကအချက်ကတော့ အင်အားပြင်းလေ အဖျက်စွမ်းအားပြင်းထန်လေပါပဲ။ နောက်တစ်ချက်ကတော့ မုန်တိုင်းတွေရဲ့ ပေါက်ဖွားရာဒေသ၊ ဖြစ်ပေါ်တဲ့ အကြိမ်အရေအတွက်နဲ့ အင်အားတွေဟာ ကမ္ဘာမြေပူနွေးလာမှု၊ ပင်လယ်ရေမျက်နှာပြင်များ ပူနွေးလာမှု အကျိုးဆက်များကြောင့် အပြောင်းအလဲဖြစ်လာနေတာကိုလည်း



အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး “ဂီရိ” ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်နေပုံ။

ကြုံတွေ့နေရပြီဖြစ်ပါတယ်။ တစ်နည်းဆိုရရင် ရာသီဥတုပြောင်းလဲနေပြီဆိုတာ သက်သေပြနေတာပါပဲ။ ယခုနှစ်မေလမှာ “လိုင်လာ”မုန်တိုင်းဖြစ်ပြီး မုန်တိုင်းလုံးဝမဖြစ်ဘဲ ငါးလအကြာမှာ မုန်တိုင်းသုံးလုံး တစ်ပြိုင်တည်း သုံးလေးရက်ခြား ဖြစ်ပေါ်တာမျိုးကတော့ ပုံမှန်မဟုတ်တာ ထင်ရှားနေပါတယ်။

၂၀၁၀ ခုနှစ်ရဲ့ စတုတ္ထမုန်တိုင်း (သို့မဟုတ်) “ဂီရိ” မုန်တိုင်းကြီး

အားအလွန်ကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး “ဂီရိ”ရယ်လို့ စဖြစ်လာမယ့် မိုးလေဝသအခြေအနေက တောင်တရုတ်ပင်လယ်ပြင်မှာ ဒီနှစ်အတွက် အင်အားအပြင်းဆုံး တိုင်ဖွန်း“မီဂီ”(MIGI)နဲ့ ဆက်နွှယ်နေခဲ့ပါတယ်။ တိုင်ဖွန်း “မီဂီ”ဟာ ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း လူဇုန်ကျွန်းကိုကျော်ဖြတ်ကာ အနောက်တောင်ဘက်ကို ရွေ့လျားရောက်ရှိခဲ့ပြီး မကြာခင်မှာ မြန်မာနိုင်ငံတောင်ပိုင်းရဲ့ အထက်လေစီးကြောင်းတွေထဲမှာ လေစိုင်ဝဲတစ်ခုကို စတွေ့ခဲ့ပြီး တဖြည်းဖြည်း အနောက်ဘက်ကို ရွေ့လာနေခဲ့ပါတယ်။ အောက်တိုဘာ ၁၈ ရက်မှာတော့ မြစ်ဝကျွန်းပေါ်ဒေသ အနောက်ဘက်နားကို ရောက်ရှိပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁၉ ရက်နေ့မှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ လေဖိအားနည်းရပ်ဝန်းဟာ အောက်တိုဘာ ၂၀ ရက်နေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲအချိန်မှာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ပိုမိုအားကောင်းလာကာ အောက်တိုဘာ ၂၁ ရက်နေ့ ညနေ ၄ နာရီအချိန်မှာ ဆိုင်ကလုန်းမုန်တိုင်း“ဂီရိ”(GIRI)အဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်း “ဂီရိ”ဟာ အရှေ့မြောက်ဘက်ဆီသို့ ဦးတည်ရွေ့လျားရင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး (Very Severe Cyclonic Storm)ဖြစ်လာခဲ့ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းကြီး “ဂီရိ”ဟာ ၂၀၁၀ ခုနှစ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ စတုတ္ထအကြိမ်မြောက်ဖြစ်ပေါ်တဲ့ ဆိုင်ကလုန်းမုန်တိုင်းဖြစ်လို့ မုန်တိုင်းအမှတ်စဉ်မှာ BOB 042010 ဖြစ်ပါတယ်။ “ဂီရိ”ဟာ အမည်တပ်မုန်တိုင်းအဆင့်ဖြစ်သဖြင့် လေတိုက်နှုန်းမှာ အနည်းဆုံး တစ်နာရီ ၇၅ မိုင်နှင့်အထက် ရှိခဲ့ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်းကြီး“ဂီရိ”ကမ်းခြေသို့ ချဉ်းကပ်လာခြင်း

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဂီရိ”ဟာ အောက်တိုဘာ ၂၂ ရက်နေ့ မနက် ၉နာရီမှာ ကျောက်ဖြူမြို့ရဲ့ အနောက်တောင်ဘက် မိုင် ၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေခဲ့ပြီး အရှေ့မြောက်ဘက်သို့ တစ်နာရီ ရေမိုင် ၈ မိုင်မှ ၁၀ မိုင်နှုန်းနဲ့ ရွေ့လျားလာခဲ့ရာ လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၆၀ မှ မိုင် ၈၀ ရှိခဲ့ပါတယ်။ ထိုမှတစ်ဆင့် မနက် ၁၀ နာရီခန့်မှာ အနည်းငယ်ပိုမိုအားကောင်းလာခဲ့ကာ မုန်တိုင်းမျက်စိ (Eye)ဖြစ်ပေါ်မှုအား ဂြိုဟ်တုတိမ်ပုံများမှတစ်ဆင့် ထင်ရှားစွာတွေ့ရှိရပြီး မုန်တိုင်းဟာ ကျောက်ဖြူမြို့ရဲ့ အနောက်တောင်ဘက် မိုင် ၅၀ ခန့်အကွာကို ရောက်ရှိလာခဲ့ပါတယ်။ မြန်မာစံတော်ချိန်မွန်းလွဲ ၁၂ နာရီခွဲမှာ အားကောင်းတဲ့ မုန်တိုင်းကြီး (Severe Cyclonic Storm) အဖြစ်သို့ ရောက်ရှိလာခဲ့ပြီး အရှေ့မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားလာခဲ့ပါတယ်။ မုန်တိုင်းရဲ့ဗဟိုချက်အနီး လေတိုက်နှုန်းဟာ တစ်နာရီလျှင် မိုင် ၁၀၀နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ညနေ ၃ နာရီခွဲမှာ အားအလွန်ကောင်းသော မုန်တိုင်းကြီး(Very Severe Cyclonic Storm) အဖြစ်သို့ ရောက်ရှိလာခဲ့ပြီး အရှေ့မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားလာခဲ့ပါတယ်။ မုန်တိုင်းရဲ့ ဗဟိုချက်အနီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ မှ ၁၂၀ နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်းကြီး“ဂီရိ”ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခြင်း

အောက်တိုဘာ ၂၂ ရက်နေ့ ည ၇ နာရီတွင် မုန်တိုင်းဗဟိုချက်ဟာ ကျောက်ဖြူမြို့ရဲ့ မြောက်ဘက် ၁၅ မိုင်ခန့်အကွာမှ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပါတယ်။ မုန်တိုင်းကြီးဟာ ကျောက်ဖြူမြို့နယ် နောင်တော်ကျွန်းနှင့် အဇင်ကြီးကျွန်းကြားမှ ဖြတ်ကျော်လျက် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၀၀ ခန့်ဖြင့် တိုက်ခတ်ခဲ့ပါတယ်။ ဆိုင်ကလုန်း မုန်တိုင်းကြီးဟာ ကျောက်ဖြူမြို့ အနီးမှစတင်၍ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး မြောက်ဘက်သို့အနည်းငယ် ဦးတည်ရွေ့လျားခဲ့ပြီးနောက် အရှေ့မြောက်ဘက်သို့ ဦးတည်ကာ ကုန်းတွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။

ကုန်းတွင်းမုန်တိုင်းအဖြစ်သို့ရောက်ရှိခြင်း

အောက်တိုဘာ ၂၂ ရက်နေ့ ည ၁၀ နာရီခွဲအချိန်မှာတော့ ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီး “ဂီရိ”ဟာ အနည်းငယ်အားပျော့သွားခဲ့ပြီး ကျောက်ဖြူမြို့ရဲ့ အရှေ့မြောက်ဘက် မိုင် ၈၀ ခန့်အကွာမှာ ကုန်းတွင်းမုန်တိုင်းအဖြစ် ရောက်ရှိသွားခဲ့ကာ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပါတယ်။ အဆိုပါ ကုန်းတွင်းမုန်တိုင်းဟာ အားပျော့လျက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဆီသို့ ဆက်လက်ရွေ့လျားခဲ့ရာမှာ အောက်တိုဘာ ၂၃ ရက်နေ့ မနက် ၃ နာရီခွဲအချိန်မှာ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အနီး၌လည်းကောင်း၊ မနက် ၆ နာရီခွဲမှာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့အနီး၌လည်းကောင်း၊ မနက် ၉ နာရီခွဲမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း မြောင်မြို့အနီးသို့ လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း ဘုတလင်မြို့နယ်အနီးတို့မှာ ဆက်လက်တည်ရှိနေခဲ့ပြီးနောက် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့ပါတယ်။

မုန်တိုင်းအင်အားနှင့် လမ်းကြောင်း

ဆိုင်ကလုန်းမုန်တိုင်းကြီး“ဂီရိ”ဟာ အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးအဆင့်ကို ရောက်ခဲ့သဖြင့် လေတိုက်နှုန်းမှာ အချို့နေရာများတွင် တစ်နာရီမိုင် ၁၂၀ ကျော်အထိ တိုက်ခတ်ခဲ့ကြောင်း တွေ့ရပါတယ်။ ယခုမုန်တိုင်းကြီးမှာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိချိန်မှ စတင်၍ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်စဉ်အထိ နှစ်ရက်မျှသာ ကြာမြင့်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဘင်္ဂလားပင်လယ်အော် မုန်တိုင်းများရဲ့ သက်တမ်းက လေးရက်မှ ငါးရက်လောက်ရှိပါတယ်။ ယခုမုန်တိုင်းကြီးလို အားပျိုးတဲ့ အဆင့်မှာ သုံးရက်လောက် အချိန်ယူခဲ့ပြီး အားကောင်းချိန်မှာတော့ ကမ်းခြေနဲ့ အလွန်နီးကပ်တာဟာ အလွန်အန္တရာယ်များပါတယ်။ မုန်တိုင်းလမ်းကြောင်းကို လေ့လာကြည့်တော့လည်း မုန်တိုင်းဟာ ဦးစွာပထမ မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အရှေ့မြောက်ဘက်ကိုသာ အများဆုံးဦးတည်ရွေ့လျားနေခဲ့ကြောင်း တွေ့ရှိရပါတယ်။ မုန်တိုင်းကြီး ကမ်းခြေသို့ ဖြတ်ကျော်ဝင်ရောက်ရာမှာ အရှေ့မြောက်ဘက်သို့ ဦးတည်ရာမှ မြောက်ဘက်ယွန်းယွန်းသို့ ဦးတည်ရွေ့လျားခဲ့ပြီး အရှေ့မြောက်ဘက်သို့ ပြန်လည်ဦးတည်ကာ ကုန်းတွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။ ဒီနေရာမှာတော့ မုန်တိုင်းရွေ့လျားမှု လမ်းကြောင်းကို ကြိုတင်ခန့်မှန်းထုတ်ပြန်ပေးတဲ့ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဘက်စုံသဘာဝဘေး ကြိုတင်သတိပေး ဗဟိုဌာနနဲ့ နိုင်ငံတကာက မုန်တိုင်းဗဟိုဌာနတွေရဲ့ ခန့်မှန်းချက်တွေဟာ မုန်တိုင်းကြီး အမှန်တကယ်ရွေ့လျားမှုနဲ့အနီးစပ်ဆုံး မှန်ကန်ခဲ့တာကို တွေ့ရပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ▼

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တောင်ကြီးမြို့ အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများပြပွဲဖွင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၉

အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းများ ပြပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်တွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြပွဲကျင်းပရေးကော်မတီဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြပွဲအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် အောက်တိုဘာ ၃၁ ရက်တွင် တောင်ကြီးပညာရေးကောလိပ်ခန်းမ၌ ကျင်းပသည့် ဆဌမအကြိမ်မြောက် ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ စတုတ္ထအကြိမ်သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက်က ကျင်းပရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နာယက၊ အကြံပေးပုဂ္ဂိုလ်၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များအား အသင်းသူများက ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

Telephone Voice Logging System
တယ်လီဖုန်း မှတ်တမ်းတင်စနစ်မိတ်ဆက်

True Value
Your One Stop Solution Partner

ရန်ကုန် နိုဝင်ဘာ ၉

ယနေ့ မျက်မှောက်ကမ္ဘာကြီးသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၏ အရှိန်အဟုန်မြင့်မားလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများတွင် ဝန်ဆောင်မှုအပိုင်း မြင့်တင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရသည်။ သို့ဖြစ်၍ True Value မှ မိမိတို့လုပ်ငန်းများ၏ ဝန်ဆောင်မှုအပိုင်း မြင့်တင်ရေးအတွက် Operation သုံးစွဲနေသော တယ်လီဖုန်းများ၏ ပြောဆိုဆွေးနွေးမှု စကားသံများ၊ တယ်လီဖုန်းပြောသည့် ကြာချိန်၊ နေ့ရက်၊ အဝင်အထွက်နံပါတ်များကို SD Card ဖြင့် မှတ်သားနိုင်သော တယ်လီဖုန်းမှတ်တမ်းတင်စနစ် (Telephone Voice Logging System)ကို မြန်မာပြည်အတွင်း မိတ်ဆက်ပေးလိုက်ကြောင်း သိရသည်။

အဆိုပါ တယ်လီဖုန်းမှတ်တမ်းတင်စနစ်သည် သုံးစွဲရန် အလွန်လွယ်ကူ၍ တယ်လီဖုန်းလိုင်း လေးလိုင်း၏ အသံများနှင့် မှတ်တမ်းများအားလုံးကို ကွန်ပျူတာဖြင့် ချိတ်ဆက်ရန်မလိုဘဲ သီးသန့်သုံးနိုင်ပြီး SD Card ဖြင့် ရက်ပေါင်း ၉၀ (Record) မှတ်သားနိုင်သည့် ပစ္စည်းဖြစ်သည်။

၄ လက်မ × ၇ လက်မ အရွယ်အစားခန့်သာရှိပြီး Touch Screen ကို တို့ထိပြီး အသုံးပြုနိုင်ခြင်း၊ Record များ လုပ်ခြင်း၊ နေ့ရက်အလိုက် မှတ်တမ်းများ ပြန်ကြည့်ခြင်း၊ ပူးတွဲပါသော Speaker ဖြင့်ပင် အသံများကို ပြန်လည်နားထောင်နိုင်သော စနစ်ဖြစ်သည်။

မိမိတို့၏လုပ်ငန်းများ အဆင့်မြင့်တိုးတက်အောင်မြင်ပြီး အကျိုးရှိစွာ အသုံးပြုလိုသူများအတွက် TRUE VALUE ၏ Solutions များကို စိတ်ဝင်စားပါက TRUE VALUE Show Room ရန်ကုန်ရုံးအမှတ် (၃၅၁) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၉၀၁၁၊ ၀၁-၃၇၉၈၇၅ နှင့် ၀၉-၈၀၂၂၀၂၅၊ မန္တလေးရုံး အမှတ် (၅) (၂၆)လမ်း (၇၈) လမ်းနှင့် (၇၉) လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး သပြေကုန်းဈေး အနောက်မြောက်အပိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ရွှေဘိုမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၉

ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ အင်းလေးဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အဘိုး၊ အဘွားများအား ပူဇော်နိုင်ရန်အတွက် အမည်စာရင်းများနှင့် ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ အမည်စာရင်းကို အမှတ်စာရင်းမိတ္တူနှင့်အတူ နိုဝင်ဘာ ၁၉ ရက် နောက်ဆုံးထား၍ ဦးခင်မောင်မြင့် ဖုန်း-၆၆၂၃၈၂၊ ဦးမျိုးလွင် ဖုန်း-၅၀၅၀၂၉၊ ဦးကျော်မင်း ဖုန်း-၀၉-၅၀၁၇၆၇၈၊ ဦးခင်မောင်ဆန်း ဖုန်း-၀၉-၅၁၁၉၀၀၈၊ ဒေါ်သန်းသန်းဆင့် ဖုန်း-၀၉-၅၀၁၇၁၀၁ နှင့် ဒေါ်တိုးတိုး ဖုန်း-၀၉-၅၄၀၈၉၁၄ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ပိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အမှတ်(၂)ရပ်ကွက် အောင်ဇေယျလမ်း ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အရှည်ပေ ၁၂၀၀၊ အကျယ်၁၂ ပေရှိ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကလေးဝ-ယာကြီးလမ်း မြို့ဝင်ဆိုင်းဘုတ်အတွင်း မြေယာရှုခင်းပြုလုပ်ခြင်းလုပ်ငန်းအား အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဖော်ခင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပန်းခြံအုတ်တံတိုင်း ဆေးသုတ်ခြင်းဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၉

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စိမ်းမြဧရာပန်းခြံ သစ်လွင်သပ်ရပ်မှုရှိစေရေး ပန်းခြံ ခြံစည်းရိုးများ ဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်က အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်က ကြည့်ရှုစစ်ဆေးပြီး အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးသန့်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

▼ စာမျက်နှာ ၆ မှ

မုန်တိုင်းဒီရေမြင့်တက်ခြင်း

မုန်တိုင်းကြီးများ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ရာမှာ မုန်တိုင်းဒီရေများ ကုန်းတွင်းသို့ ဝင်ရောက်လေ့ရှိရာ ဆိုင်ကလုန်းမုန်တိုင်းကြီး "ဂီရိ"ကြောင့် ရခိုင်ကမ်းရိုးတန်း အချို့ဒေသများမှာ မုန်တိုင်းဒီရေ ၁၂ ပေခန့်အထိ မြင့်တက်ခဲ့ကြောင်း သိရှိရပါတယ်။ မုန်တိုင်းဒီရေ အမှန်တကယ်တက်ရောက်မှု၊ လေပြင်းတိုက်ခတ်မှုနဲ့ ထိခိုက်ပျက်စီးမှုအခြေအနေတွေကို တိတိကျကျ သိရှိနိုင်ဖို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကွင်းဆင်းလေ့လာရေးအဖွဲ့ဟာ အဲဒီဒေသတွေကို သွားရောက်၍ တိုင်းထွာချက်များ ရယူဆောင်ရွက်ခဲ့ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိကြောင့် မုန်တိုင်းဒီရေတက်ရောက်နိုင်မယ့် အခြေအနေ ခန့်မှန်းချက်တွေကိုလည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အောက်တိုဘာ ၂၂ ရက်၊ မနက် ၅ နာရီခွဲမှ စတင်၍ မုန်တိုင်းသတိပေးချက်များနှင့်အတူ ထုတ်ပြန်ပေးခဲ့ပါတယ်။ မုန်တိုင်းဒီရေ အန္တရာယ်ကျရောက်နိုင်တဲ့ ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် အမ်းမြို့နယ်၊ စစ်တွေခရိုင်အတွင်းရှိ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နဲ့ မင်းပြားမြို့နယ်များသို့ မုန်တိုင်းဒီရေ အမြင့်ဆုံးတက်ရောက်နိုင်မည့် သတိပေးချက်များကို ကြိုတင်ထုတ်ပြန်ပေးခဲ့ပါတယ်။

ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးပို့ခြင်း

နေပြည်တော်မှာရှိတဲ့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးဗဟိုဌာနမှာ မုန်တိုင်းငယ်မဖြစ်မီ ၁၂ နာရီအလိုမှာ ဌာနအကြီးအကဲနှင့် တာဝန်ရှိသူများဟာ လက်ရှိမိုးလေဝသအခြေအနေနဲ့ပတ်သက်ပြီး အရေးပေါ်ဆွေးနွေးပွဲတစ်ခု ချက်ခြင်းပြုလုပ်ပြီး မုန်တိုင်းခန့်မှန်းရေးအဖွဲ့များအနေဖြင့် မုန်တိုင်းဖြစ်ပေါ်၍ ရခိုင်ကမ်းရိုးတန်းကို ဦးတည်ရွေ့လျားပါက လုပ်ဆောင်မည့် စံထားလုပ်ငန်းစဉ်အဆင့်ဆင့်များ၊ မုန်တိုင်းသတိပေးချက်ကို သက်ဆိုင်ရာအရောင်များဖြင့် ထုတ်ပြန်ပေးရေး၊ အခြားဌာနများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးခဲ့ကြပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယ ဝန်ကြီး၊ ရုံးအဖွဲ့မှူးနှင့် ဝန်ကြီးရုံးအဖွဲ့၏ အနီးကပ် ကြီးကြပ်မှုဖြင့် မုန်တိုင်းခန့်မှန်းရေးအဖွဲ့များကလည်း ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်တဲ့အချိန်မှ စတင်ပြီး အချိန်ပြည့်စောင့်ကြည့်လျက် ဘင်္ဂလားပင်လယ်အော်အခြေအနေသတင်း၊ မုန်တိုင်းသတိပေးချက်၊ မုန်တိုင်းအထူးသတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့ပါတယ်။ အဆိုပါ ထုတ်ပြန်ချက်များကို နိုင်ငံတော်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာတိုင်းစစ်ဌာနချုပ်များ၊ သက်ဆိုင်ရာဌာနများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊မြဝတီရုပ်မြင်သံကြား၊ MRTV-4၊ Myanmar International၊ FM ရေဒီယိုအသံလွှင့်ဌာနများ၊ မြန်မာ့သတင်းစဉ်၊ နိုင်ငံပိုင်သတင်းစာများသို့ အချိန်မီပေးပို့ခဲ့ပါတယ်။ မုန်တိုင်းသတိပေးချက်များ အခြေအနေသတင်းများကို မြန်မာ့အသံရေဒီယို၊ FM ရေဒီယိုလိုင်းများ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်များကလည်း အရေးပေါ်ချက်ချင်းထုတ်လွှင့်ပေးခဲ့ကြပါတယ်။ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက မုန်တိုင်းကြီး ကမ်းခြေသို့ ဖြတ်ကျော်မဝင်ရောက်မီ နှစ်ရက်ခန့်မှစတင်၍ မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ကြေညာပေးခြင်း၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံ လမ်းညွှန်မှုပေးဆောင်ရွက်စေခြင်းတို့ကို စနစ်တကျဖြင့် လုပ်ဆောင်ပေးခဲ့ပါတယ်။

သဘာဝဘေးလျော့ပါးရေး

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် အဓိကပါဝင်သော နိုင်ငံတော်အဖွဲ့အစည်းများ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဝန်ကြီးဌာနများ၊ ကြိုတင်သတိပေးချက်ထုတ်ပြန်သည့် မိုး/ဇလဌာနနှင့် ကြိုတင်သတိပေးချက်များ၊ နှိုးဆော်ချက်များကို ဒေသခံပြည်သူတို့မှ ယုံကြည်စိတ်ချစွာ လိုက်နာဆောင်ရွက်မှုတို့မှာ အထူးကောင်းမွန်ခဲ့သဖြင့် မုန်တိုင်းဘေးကြောင့် ကြုံတွေ့နိုင်မည့် ဘေးဒုက္ခရဲ့ အဆပေါင်းများစွာ လျှော့ချနိုင်ခဲ့ကြောင်း တွေ့ရပါတယ်။ အားအလွန်ကောင်းတဲ့ မုန်တိုင်းကြီး ဂီရိဝင်ရောက်ခဲ့ရာမှာ လူ့အသေအပျောက်နည်းပြီး ထိခိုက်ဆုံးရှုံးမှုလျော့ပါးအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနများမှ တာဝန်ရှိသူများ၊ မုန်တိုင်းခန့်မှန်းရေးအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနဲ့ အဖွဲ့ဝင်များ၊ နိုင်ငံပိုင်သတင်းမီဒီယာများမှ တာဝန်ရှိသူများရဲ့ လုပ်ဆောင်ချက်တွေအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ အလားတူ ဒေသခံပြည်သူတွေရဲ့ မုန်တိုင်းဆိုင်ရာအသိနဲ့ ဘေးလွတ်ကင်းအောင် ရှောင်ရှားဖို့ အဆင်သင့်ရှိနေကြပြီး သတိပေးထုတ်ပြန်ချက်တွေကို လေးစားလိုက်နာကြတာကို ကြားသိရတော့ ပြောမပြတတ်အောင်ကို ကျေနပ်ပီတိ ဖြစ်ရပါတယ်။

သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် ဒေသများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိမှုဟာ သဘာဝဘေးအန္တရာယ်လျော့ပါးရေးမှာ များစွာအထောက်အကူ ဖြစ်စေနိုင်ခဲ့တာကို ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိဖြစ်ပွားချိန်မှာ လက်တွေ့သက်သေပြနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းပြီး သတိရှိရှိဖြင့် သဘာဝဘေးများကို ရင်ဆိုင်ကျော်လွှားသွားကြမှာ ဖြစ်ပါတယ်။ သဘာဝဘေးလျော့ပါးရေးအတွက် ဆောင်ရွက်လျက်ရှိကြတဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများကလည်း ဖြစ်ပွားသည့် သဘာဝဘေးများတွင် မိမိတို့လုပ်ငန်းဆောင်ရွက်ရာ၌ တွေ့ကြုံရသော အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများအား သုံးသပ်လေ့လာဖော်ထုတ်ခြင်းဖြင့် ပိုမိုကောင်းမွန်သော စံထားလုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကလည်း ဆိုးရွားသော မိုးလေဝသနှင့် ဇလဗေဒအခြေအနေများအတွက် ကြိုတင်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

❖ ရှေ့ဖုံးမှ

ပြည်မြို့ နဝဒေးတံတားကြီးပေါ်မှ ဖြတ်သန်း၍ ပန်းတောင်း၊ ဥဿျစ်ပင်၊ မင်းတုန်းနှင့် ပဒါန်းကိုကျော်ပြီး မန်းချောင်းနံဘေးတွင်ရှိသော ဆောက်လုပ်ရေးရိပ်သာသို့ ရောက်သည်။

ပုသိမ်-မုံရွာလမ်းသည် ပုသိမ်မှ ကန်ကလေး၊ အသုတ်၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ရေနံ့သာ၊ ဘက်ရဲ၊ ဥဿျစ်ပင်၊ မင်းတုန်း၊ ပဒါန်း၊ ကန်ပြား၊ ကဇွန်းမ၊ ရေပြာ၊ မြိုင်၊ လင်းကတော၊ ဆားလင်းကြီးမှ မုံရွာအထိ မိုင်ပေါင်း ၄၅၀ ငါးဖာလုံရှိသည်။ ဆက်စပ်ကားလမ်းအဖြစ် ပုသိမ်ဘက်အပိုင်းမှ ကျောင်းကုန်း၊ ပန်းတနော်၊ ရန်ကုန်အထိသွားနိုင်ပြီး ရေကြည်မှ ကျုံပျော်၊ ရေနံ့သာမှ ဌမြို့၊ ငါးသိုင်းချောင်းမှ အင်္ဂပူ၊ ဘက်ရဲမှ ကြံခင်း၊ မြန်အောင်၊ ဥဿျစ်ပင်မှ တောင်ကုတ်၊ ကန်မ၊ မင်းတုန်းမှ သရက်၊ ပဒါန်းမှ အမ်း၊ မင်းဘူး၊ ကန်ပြားမှ စေတုတ္တရာ၊ စလင်း၊ ပွင့်ဖြူ၊ ကဇွန်းမမှ ဆိပ်ဖြူ၊ ဆော၊ ရေပြာမှ ပေါက်၊ ပခုက္ကူ၊ လင်းကတောမှ ရေစကြို၊ ပုလဲ၊ ယင်းမာပင်၊ မုံရွာအထိဖြစ်သည်။

ထူးခြားသော မြေပြင်အနေအထား ဆက်သွယ်မှုမှာ ဧရာဝတီတိုင်းဒေသကြီးမှ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ကိုဖြတ်သန်းထားပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းနယ်မြေများ အမှန်ဖွံ့ဖြိုးလာမည့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည်။

စာရေးသူသည် မန်းချောင်းနံဘေးရှိ ဆောက်လုပ်ရေးရိပ်သာတွင် တစ်ညတာ အိပ်စက်ပြီး နောက်တစ်နေ့ နံနက် ၇ နာရီ၌ ပုသိမ်-မုံရွာကားလမ်းနှင့် ရှစ်မိုင်သာဝေးတော့သည့် ရွှေစက်တော်ဘုရားသို့ သွားရောက် ဖူးမြော်ပြီးနောက် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းနိုင်အောင် ဦးဆောင်သည့် လမ်းအထူးအဖွဲ့(၇)၊ ဒုတိယအင်ဂျင်နီယာမှူးကြီး

ပုသိမ်-မုံရွာလမ်း ဖောက်လုပ်ရေးစီမံကိန်း အပိုင်း(၂) မကွေးတိုင်းဒေသကြီးဘက်တွင် ချဲ့ထားသောမြေများကို သိပ်သည်းမှုရှိစေရန် စက်ကြီးများဖြင့် ဤသို့ဆောင်ရွက်နေစဉ်။

ဦးအောင်စိုး ဦးဆောင်သည့် လေယာဉ်ကွင်းအထူးအဖွဲ့(၁)၊ ရန်ကုန် ကရောင်းကုမ္ပဏီတို့၏ လမ်းဖောက်လုပ် ဆောင်ရွက်နေမှုကို သွားရောက်လေ့လာခဲ့သည်။

ယင်းသို့ သွားရောက်လေ့လာစဉ် ပုသိမ်-မုံရွာလမ်းအပိုင်း(၂)ကို အနီးကပ်ကြီးကြပ်နေသော အင်ဂျင်နီယာချုပ် ဦးသိန်းဇော်အား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးသိန်းဇော်က မိမိကြီးကြပ်ဆောင်ရွက်ရသော ပုသိမ်-မုံရွာအပိုင်း(၂)သည် မကွေးတိုင်းဒေသကြီးနယ်စပ် မိုင်တိုင်အမှတ် ၁၇၉ မိုင် ခြောက်ဖာလုံမှ မိုင်တိုင်အမှတ် ၃၆၃ မိုင် အထိဖြစ်ပြီး ဥဿျစ်ပင်မှ ကဇွန်းမအထိဖြစ်ကြောင်း၊ ၁၉၇၆-၁၉၇၇ ခုနှစ်တွင် ဥဿျစ်ပင်မှ မင်းတုန်း၊ ၁၉၈၂-၁၉၈၃ ခုနှစ်တွင် မင်းတုန်းမှ ပဒါန်း၊ ၁၉၈၃-၁၉၈၄ ခုနှစ်တွင် ပဒါန်းမှ ကဇွန်းမအထိကို ဩစတြေးလျနိုင်ငံ အစိုးရအကူအညီဖြင့် လမ်းများ ဆောင်ရွက်ခဲ့သော်လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ ယခုအခါမှာတော့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပုသိမ်- မုံရွာအထိ မိုင်ပေါင်း ၄၅၀ ငါးဖာလုံကို တစ်ဆက်တစ်စပ်တည်း အဆင့်မြင့်ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နေပါကြောင်း၊ မူလက ပုသိမ်မှ မုံရွာ မိုင်ပေါင်း ၄၅၀ ငါးဖာလုံတွင် တချို့နေရာတွင် မြေသားလမ်းသာရှိပြီး တချို့နေရာတွင် အမာခံလမ်းနှင့် တချို့နေရာတွင် ကတ္တရာလမ်းဖြစ်သော်လည်း တစ်ဆက်တစ်စပ်တည်းမဟုတ်ဘဲ ပြတ်တောင်းပြတ်တောင်းနှင့် လမ်းကျဉ်းများသာဖြစ်ကြောင်း မိမိတို့ဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ ပုသိမ်မှ မုံရွာအထိ အဆင့်မြင့်ကတ္တရာလမ်းမကြီးကို ကျယ်၊ ဖြောင့်၊ ပြေစနစ်ဖြင့် (ကျယ်ဆိုတာကတော့ လမ်းသားကျယ်ရမည်၊ ဖြောင့်ဆိုတာကတော့ လမ်းဖြောင့်ရမည်၊ ပြေဆိုတာကတော့ လမ်း အတက်အဆင်းနည်းပြီး ပြေပြစ်ရမည်။) ဆိုသည့် ဆောင်ပုဒ်အတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ပုသိမ်-မုံရွာလမ်းစီမံကိန်းကြီး ပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့အထိ ဆက်သွယ်သွားလာမှု အဆင်ပြေစွာဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည့်အပြင် ထိုလမ်းမကြီးနှင့် ဆက်နွယ်ပြီး လမ်းမကြီး၏ ဝဲ၊ ယာဘက် တစ်လျှောက်ရှိ တန်ခိုးကြီးဘုရား ပုထိုးများကိုလည်း ဖူးမြော်နိုင်ကြတော့မည်ဖြစ်ကြောင်း ပြောပြလိုက်သည်။

ပုသိမ်-မုံရွာလမ်း အပိုင်း(၂)ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ သူရဦးစိန်သောင်းနှင့် အနီးကပ်ကြီးကြပ်သူ အင်ဂျင်နီယာအဖြစ် အင်ဂျင်နီယာချုပ် ဦးသိန်းဇော်တို့က တာဝန်ယူဆောင်ရွက်ပြီး ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်အောင်နှင့် သရက်ခရိုင်ဆောက်လုပ်ရေးအဖွဲ့က မိုင် (၃၀)၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့် လမ်းအထူးအဖွဲ့ (၁၅) က ၁၀ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဌေးနှင့် လမ်းအထူးအဖွဲ့ (၃)က ၅၅ မိုင်၊ ခရိုင်အင်ဂျင်နီယာမှူး ဦးကြည်သွင်ဦးနှင့် မင်းဘူးခရိုင် ဆောက်လုပ်ရေးအဖွဲ့က ရှစ်မိုင် နှစ်ဖာလုံ၊ အားမာန်သစ်ကုမ္ပဏီက ငါးမိုင်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသန်းနိုင်အောင်နှင့် လမ်းအထူး အဖွဲ့ (၇)က ၁၂ မိုင်၊ စိန်နှင့်သောင်းကုမ္ပဏီက ငါးမိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်စိုးနှင့် လေယာဉ်ကွင်းအဖွဲ့(၁)က ၁၀ မိုင်၊ ရန်ကုန်ကရောင်းကုမ္ပဏီက ငါးမိုင်၊ GOLDEN-HARP ကုမ္ပဏီက ငါးမိုင်၊ အီဝါတနီကုမ္ပဏီက ငါးမိုင်၊ မိုးရတနာထွန်းကုမ္ပဏီက ငါးမိုင်၊ YTE ကုမ္ပဏီက ခြောက်မိုင်၊ ဇေယျကုမ္ပဏီက နှစ်မိုင်လေးဖာလုံ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သက်နှင့် လေယာဉ်ကွင်းအဖွဲ့(၅)က ၁၀ မိုင် လေးဖာလုံ၊ MYO GROUP ကုမ္ပဏီက လေးမိုင်၊ IGE ကုမ္ပဏီက ငါးမိုင်စသည်ဖြင့် အသီးသီးတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ တချို့နေရာတွင် မြေသားလုပ်ငန်း၊ တချို့နေရာတွင် ကျောက်စီလုပ်ငန်းနှင့် တချို့နေရာတွင် ကတ္တရာလောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရင်း သတ်မှတ်ကာလအတွင်း ပြီးစီးရန် အားထည့်လုပ်ကိုင်နေကြသည်။

ပုသိမ်-မုံရွာလမ်းအပိုင်း(၂)တွင် ပေ ၄၄၀ ရှိ လှော်ချောင်းတံတား၊ ပေ ၁၁၀၀ ရှိ မင်းတုန်းချောင်းတံတား၊ ပေ ၁၃၀ ရှိ ပေါင်းချောင်းတံတား၊ ၉၅ ပေရှိ ပေပင်ချောင်းတံတား၊ ပေ ၆၀ နှင့် ပေ ၄၀ ရှိ ငကျီးချောင်းတံတား၊ ပေ ၆၀ ရှိ စိုင်းဒီချောင်းတံတား၊ ပေ ၇၀၀ ရှိ ငှက်ပျောဝချောင်းတံတား၊ ပေ ၉၀၀ ရှိ ဆင်ချောင်းတံတားများနှင့် ပေ ၅၀ အောက် ရေပြွန်တံတား ၁၀ စင်းတို့ကို တံတားအထူးအဖွဲ့ (၇)၊ (၁၁)နှင့် အဆောက်အအုံ အဖွဲ့(၁) နှင့် (၂) တို့က တာဝန်ယူ တည်ဆောက်လျက်ရှိနေကြသည်။

စာရေးသူသည် ပုသိမ်-မုံရွာလမ်း အပိုင်း(၂) ဥဿျစ်ပင်မှ ကဇွန်းမသို့ သွားရောက်လေ့လာစဉ် မင်းတုန်းဆိုသော ရှေးဟောင်းမြို့တစ်မြို့ကို ပုသိမ်-မုံရွာလမ်း ကြီးကြပ်အင်ဂျင်နီယာချုပ် ဦးသိန်းဇော်က ပို့ဆောင်ပေး၍ ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။

ဘုမ္မဝတီခေါ် အဆိုပါ မင်းတုန်းမြို့ကို ခရစ်နှစ် ၁၀၃ ခု၊ သာသနာသက္ကရာဇ် ၆၄၈ ခုနှစ်၊ သက္ကရာဇ် ၂၆ ခုနှစ်တွင် သရေခေတ္တရာ နောက်ဆုံးမင်းဆက် သမုဒ္ဒရာဇ်မင်းက တည်ထောင်ခဲ့သည်ဆို၏။ သက္ကရာဇ် ၄၂၃ ခုနှစ် ပုဂံနေပြည်တော်တွင် နန်းတက်သော

ပုသိမ်-မုံရွာလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းတွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် ထပ်ပိုးလွှာကျောက်များခင်း၍ လမ်းကြိတ်စက်ကြီးများဖြင့် ကြိတ်ပေးနေစဉ်။

ပုသိမ်-မုံရွာလမ်းမကြီး အဆင့်မြှင့်တင် ဖောက်လုပ်ရေးစီမံကိန်း အပိုင်း(၂) ဥဿျစ်ပင်-ကဇွန်းမအပိုင်းတွင် လမ်းအထူးအဖွဲ့များ၏ ကျောက်ခင်းလုပ်ငန်း ဆောင်ရွက်နေကြပုံကို ဤသို့တွေ့ခဲ့ရသည်။

ကျန်စစ်မင်း၏ မိဖုရား သမ္ဘူလမှ ဖွားမြင်သော သားတော် ရာဇကုမာရ (ငယ်နာမည် ဇေယျခေတ္တရာ)အား ရခိုင်ပြည်နယ်နှင့်တကွ တောင်စဉ် ခုနစ်မြို့ကို အပိုင်စားပေးသည်။ တောင်စဉ်ခုနစ်မြို့အမည်များမှာ တိုင်းတာ၊ မင်းတုန်း၊ မင်းတပ်၊ မင်းလှ၊ မြို့သစ်၊ ပန်းထိမ်နှင့် ငဖဲမြို့တို့ ဖြစ်ကြသည်။

ရာဇကုမာရသည် ညီတော် အလောင်းစည်သူအား ဖခင် ကျန်စစ်မင်းက ထီးမွေနန်းမွေပေးသည်ကို မနာလိုဝန်တိုမဖြစ်ဘဲ မိမိအား ပေးအပ်ထားသော တောင်စဉ်ခုနစ်မြို့တွင်သာ နေထိုင်လျက်ရှိသည်။ မင်းတုန်းတွင် နေထိုင်စဉ် ပုဂံနေပြည်တော်ရှိ ခမည်းတော် မယ်တော်တို့ကို လွမ်းဆွတ်သတိရသဖြင့် ပုဂံမျှော်ဘုရားကို သက္ကရာဇ် ၄၂၃ ခုနှစ်တွင် တည်ထားကြောင်း တွေ့ရသည်။

မင်းတုန်းမြို့နှင့် မိုင် ၂၀ ကွာဝေးသည့် နေရာတွင် သမ္ဘူလရွာရှိပြီး (သမ္ဘူလရွာကို မူလက ကြောင်ဖြူရွာ)ဟုခေါ်သည်။ ရွာ၏ တောင်ဘက်တွင် ကြောင်ဖြူကန်၊ ရွာအနောက်ဘက်တွင် မထီးကျောင်းနေရာ၊ ရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် (မွဲပြင်)ဟု ဒေသခံများခေါ်ကြသော မြေပြင်ညီတစ်ခုရှိသည်။ ထိုမြေပြင်သည် ကျန်စစ်သားတောင်ယာခုတ်သောနေရာ ဖြစ်ကြောင်း အစဉ်အဆက် လူကြီးသူမများ ပြောဆိုလျက်ရှိသည်။ သမ္ဘူလရွာနှင့် အနီးတစ်ဝိုက်တွင် ပျူဂူများ၊ စေတီပျက်များ၊ အုတ်ပုံများ တည်ရှိလျက်ရှိသည်။ သမ္ဘူလရွာ(ယခင်ကြောင်ဖြူရွာ)သည် တြိလောကဝဋ္ဋံသကာ ဒေဝီအမည်ရှိ ရာဇကုမာရ၏ မိခင်ရွာ၊ ရာဇကုမာရ မင်းသား၏ မွေးဖွားရာဇာတိဟုဆို၏။ ထို့အပြင် အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်းသည်လည်း ကြောင်ဖြူရွာဇာတိဖြစ်ကြောင်း သမိုင်းများက ဆိုသည်ဟု သိရသည်။

သို့ဖြစ်၍ မင်းတုန်းမြို့နယ်ရှိ သမ္ဘူလရွာ(ယခင်ကြောင်ဖြူရွာ)သည် ရာဇကုမာရမင်းသားမွေးဖွားရာ မိခင် သမ္ဘူလ၏ဇာတိ၊ ကျန်စစ်မင်း ပုန်းခိုရာဒေသနှင့် အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်း၏ ဇာတိ သမိုင်းဝင်နေရာ ဖြစ်နိုင်သည်ဟု ဒေသခံများက ယုံကြည်နေကြသည်။

ထို့အပြင် ပုသိမ်-မုံရွာကားလမ်းနှင့် လေးမိုင်သာဝေးသည့် မန်းမြစ်အနီးရှိ အောက်စက်တော်ရာနှင့် ရှစ်မိုင်ခန့်ဝေးသည့် အထက်စက်တော်ရာဘုရားများ ရှိသည်။ ထိုစက်တော်ရာများ သမိုင်းအကျဉ်းကား မြတ်စွာဘုရားသည် ဝါတော် ၂၀ ကျော်တွင် ရှေးအခေါ် သုနာပရန္တယောနကတိုင်း ကြွမြန်းရာတွင် ယခုအခေါ် မကွေးတိုင်းဒေသကြီး စကုမြို့နယ် အနောက်ပိုင်း တောတောင်ကြီးအတွင်း စီးဆင်းလျက်ရှိသော မန်းမြစ်၏ ကမ်းနဖူးကျောက်ဖျာပေါ်၌ နမ္မဒါနဂါးမင်း တောင်းပန်ခြင်းကြောင့် ချထားခဲ့သော ခြေတော်ရာတစ်ဆူကို (အောက်စက်တော်ရာ)ဟု ခေါ်ပြီး နုမန္တာမြစ်ရစ်ခွေဝိုက်ပြီး သုံးကြိမ်တိုင်ဦးခိုက်ရသော သစ္စဗန္ဓတောတောင်ကြီး၌ (ဝါ) မကုလခေါ် မျက်တောင်တော်၌ သစ္စဗန္ဓရဟန္တာမြတ် တောင်းပန်သဖြင့် ချထားတော်မူသော ခြေတော်ရာတစ်ဆူကို (အထက်စက်တော်ရာ)ဟု ခေါ်သည်။

မန်းစက်တော်ရာဘုရားကို ဦးစွာ ဖူးမြော်ရသော မင်းများမှာ သက္ကရာဇ်

ပုသိမ်-မုံရွာလမ်းမကြီး အဆင့်မြ အပိုင်း(၂) လမ်းအထူးအဖွဲ့(၇)၏ လုပ် ခင်းနေစဉ်။



ဟုခေါ်သည်။ ရွာ၏ တောင်ဘက်တွင် ကြောင်ဖြူကန်၊ ရွာအနောက်ဘက်တွင် မထီးကျောင်းနေရာ၊ ရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် (မွဲပြင်)ဟု ဒေသခံများခေါ်ကြသော မြေပြင်ညီတစ်ခုရှိသည်။ ထိုမြေပြင်သည် ကျန်စစ်သား တောင်ယာခုတ်သောနေရာ ဖြစ်ကြောင်း အစဉ်အဆက် လူကြီးသူမများ ပြောဆိုလျက်ရှိသည်။ သမ္ဘုလရွာနှင့် အနီးတစ်ဝိုက်တွင် ပျူဂူများ၊ စေတီပျက်များ၊ အုတ်ပုံများ တည်ရှိလျက်ရှိသည်။ သမ္ဘုလရွာ(ယခင်ကြောင်ဖြူရွာ)သည် တြိလောကဝဋံ့သကာ ဒေဝီအမည်ရှိ ရာဇကုမာရ၏ မိခင်ရွာ၊ ရာဇကုမာရမင်းသား၏ မွေးဖွားရာဇာတိဟုဆို၏။ ထို့အပြင် အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်းသည်လည်း ကြောင်ဖြူရွာဇာတိဖြစ်ကြောင်း သမိုင်းများက ဆိုသည်ဟု သိရသည်။

သို့ဖြစ်၍ မင်းတုန်းမြို့နယ်ရှိ သမ္ဘုလရွာ(ယခင်ကြောင်ဖြူရွာ)သည် ရာဇကုမာရမင်းသားမွေးဖွားရာ မိခင် သမ္ဘုလ၏ဇာတိ၊ ကျန်စစ်မင်း ပုန်းခိုရာဒေသနှင့် အနော်ရထာမင်း၏ ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်း၏ ဇာတိ သမိုင်းဝင်နေရာ ဖြစ်နိုင်သည်ဟု ဒေသခံများက ယုံကြည်နေကြသည်။

ထို့အပြင် ပုသိမ်-မုံရွာကားလမ်းနှင့် လေးမိုင်သာဝေးသည့် မန်းမြစ်အနီးရှိ အောက်စက်တော်ရာနှင့် ရှစ်မိုင်ခန့်ဝေးသည့် အထက်စက်တော်ရာဘုရားများ ရှိသည်။ ထိုစက်တော်ရာများ သမိုင်းအကျဉ်းကား မြတ်စွာဘုရားသည် ဝါတော် ၂၀ ကျော်တွင် ရှေးအခေါ် သုနာပရန္တယောနကတိုင်း ကြွမြန်းရာတွင် ယခုအခေါ် မကွေးတိုင်းဒေသကြီး စကုမြို့နယ် အနောက်ပိုင်း တောတောင်ကြီးအတွင်း စီးဆင်းလျက်ရှိသော မန်းမြစ်၏ ကမ်းနဖူးကျောက်ဖျာပေါ်၌ နမ္မဒါနဂါးမင်း တောင်းပန်ခြင်းကြောင့် ချထားခဲ့သော ခြေတော်ရာတစ်ဆူကို (အောက်စက်တော်ရာ)ဟု ခေါ်ပြီး နမ္မဒါမြစ်ရစ်ခွေဝိုက်ပြီး သုံးကြိမ်တိုင် ဦးခိုက်ရသော သစ္စဗန္ဓတောတောင်ကြီး၌ (ဝါ) မကုလခေါ် မျက်တောင်တော်၌ သစ္စဗန္ဓရဟန္တာမြတ် တောင်းပန်သဖြင့် ချထားတော်မူသော ခြေတော်ရာတစ်ဆူကို (အထက်စက်တော်ရာ)ဟု ခေါ်သည်။

မန်းစက်တော်ရာဘုရားကို ဦးစွာဖူးမြော်ရသော မင်းများမှာ သက္ကရာဇ် ၁၁၃ ခုနှစ်တွင် သရေခေတ္တရာ ဒွတ္တပေါင်မင်းကြီး၊ သက္ကရာဇ် ၁၅၂ ခုနှစ်တွင် ဝေသာလီပြည်မှ ပထမလိစ္ဆဝီမင်းနှင့် သက္ကရာဇ် ၁၅၄ ခုနှစ်တွင် ပါဋ္ဌလိပုတ်ပြည်မှ ဓနနန္ဒမင်းသုံးပါးတို့ဖြစ်ပြီး သက္ကရာဇ် ၂၁၈ ခုနှစ်တွင် နန်းတက်တော်မူသော ပါဋ္ဌလိပုတ်ပြည့်ရှင် ဘုရင် သီရိဓမ္မာသောကမင်းကြီးသည် စက်တော်ရာဘုရား၌ တန်တော်ဦးစေတီ၊ တောင်းပန်ဦးစေတီ၊ တောင်းပန်ရစေတီ၊ သစ္စဒီပကစေတီ၊ သစ္စဗန္ဓရဟန်းတော်က ကိုးကွယ်ရာကို တောင်းပန်ရာ၌ အာယစနမည်သော စေတီတော်တစ်ဆူ၊ ယခု မန်းတောင်ဘုရား စုစုပေါင်း ငါးဆူစေတီတော်တို့ကို တည်ထားခဲ့သည်ဟု ကျောက်စာသမိုင်းအရ သိရသည်။

အထက်စက်တော်ရာ အနောက်စောင်းတန်းရှိ ခေါင်းလောင်းတော်ကြီးအနီးရှိ စေတီတော်မူကား အရှင်သီရိဗန္ဓရ ရဟန္တာအရှင်မြတ်၏ ဓာတ်တော်များကို ဌာပနာ၍ ယောနကတိုင်းသားတို့က သီရိဓမ္မာသောကမင်းကြီးဘုရားမတည်မီက တည်ထားသော ဘုရားတစ်ဆူနှင့်ပေါင်းလျှင် စေတီတော်ခြောက်ဆူမှာ မန်းစက်တော်ရာ၌ ရှေးမဆွ ပထမတည်ထားသော စေတီခြောက်ဆူဖြစ်သည်ဟုဆိုသည်။ ပုဂံမင်းများထဲမှ တောင်သူကြီးမင်း၊ ကွမ်းဆော်မင်း၊ အနော်ရထာမင်း၊ ကျန်စစ်မင်း၊ နရပတိစည်သူမင်း၊ ဇေယျသခ်မင်းနှင့် ကျစွာမင်းတို့သည် မန်းစက်တော်ရာဘုရားများ၌ ရွှေသင်္ကန်း၊ ရွှေဇရပ်၊ မှန်ကင်းပြာသာဒ်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ အထက်စက်တော်ရာ၌ နန်းဆောင်နှင့် အောက်စက်တော်ရာ၌ ရွှေအိမ်တို့ကို လှူဒါန်းတော်မူခဲ့ကြသည်ဟု ဘုရားသမိုင်း၌ တွေ့ရသည်။ ဒီပါဒစေတီယ ရွှေစက်တော်သမိုင်းကြီးကား အပိုင်းခုနစ်ပိုင်းရှိ၍ ဤကား အကျဉ်းမျှသာဖြစ်သည်။

ဤသို့ဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အဆင့်မြှင့်တင် ဖောက်လုပ်နေသော ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးမှ ထူးခြားသည့် ရှေးဟောင်းမြို့များနှင့် ဘုရားပုထိုးစေတီတို့ကား အများအပြားပင်ရှိသည်။ ထို့ကြောင့် ပုသိမ်မှ မုံရွာ၊ မုံရွာမှ ပုသိမ်သို့ အပြန်အလှန်သွားကြရင်း ဧရာဝတီနှင့် ချင်းတွင်းမြစ် အနောက်ဘက်ခြမ်းဒေသမှ ပြည်သူတို့၏ ဒေသထွက်ကုန်များ အချင်းချင်း ဖလှယ်နိုင်ကြတော့မည့် စီးပွားရေးလမ်းမကြီးဖြစ်သလို ဗဟုသုတရှာမှီးရာ ပညာအလင်းပြလမ်းမကြီးနှင့် မျိုးချစ်စိတ်ဓာတ် ထပ်ဆင့်မြှင့်တင်ပေးမည့် ပြည်ထောင်စုလမ်းမကြီးတစ်ခု ဖြစ်ပါကြောင်းကို ကွင်းဆင်းသွားရောက် လေ့လာရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

ပုသိမ်-မုံရွာလမ်းမကြီး အဆင့်မြှင့်တင် ဖောက်လုပ်ရေးစီမံကိန်း အပိုင်း(၂) ဥသျှစ်ပင်မှ ကဏ္ဍန်းမအပိုင်းကို တာဝန်ယူ၍ အနီးကပ်ကြီးကြပ်နေသော အင်ဂျင်နီယာချုပ် ဦးသိန်းဇော်အား စာရေးသူ တွေ့ဆုံမေးမြန်းနေစဉ်။



ပုသိမ်-မုံရွာလမ်းမကြီး ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဥသျှစ်ပင်-ကဏ္ဍန်းမအပိုင်းတွင် ဖြောင့်ဖြူးလျက်ရှိသော လမ်းမကြီးကို ဤသို့တွေ့ခဲ့ရသည်။

ပုသိမ်-မုံရွာလမ်းမကြီး အဆင့်မြှင့်တင် ဖောက်လုပ်ရေးစီမံကိန်း အပိုင်း(၂) လမ်းအထူးအဖွဲ့(၇)၏ လုပ်ကွက်တွင် စက်ကြီးဖြင့် ကတ္တရာခင်းနေစဉ်။

ကျန်းမာရေးဝန်ထမ်းများ မြေပုံ၊ ကျောက်ဖြူနှင့် ပေါက်တောမြို့နယ်တို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကွင်းဆင်းဆေးကုသ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၉

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်သင့်ဒေသပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင် ဦးစီးသော ပြည်သူ့ကျန်းမာရေး ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည် နိုဝင်ဘာ ၅ ရက်တွင် မြေပုံမြို့နယ် မြေပုံပြည်သူ့ဆေးရုံ၌ ရှေ့တန်းဆေးကုသရေးစခန်း လေးခုဖြစ်သော ယောချောင်း၊ ဒိုင်းပုံ၊ ကြက်ရေကြီး၊ ကျွန်းသာယာ ရှေ့တန်းဆေးကုသရေးစခန်းများ၌ တာဝန်ထမ်းဆောင်ရန် ရောက်ရှိနေသော အထူးကု ဆရာဝန်လေးဦးနှင့် အထူးကုအဖွဲ့များအား ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု ကွင်းဆင်းလုပ်ငန်းများ ထိရောက်စေရေးအတွက် ပို့ချလမ်းညွှန်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးစီးသောအဖွဲ့သည် မြေပုံမြို့ပေါ် ကယ်ဆယ်ရေးစခန်း၌ လည်းကောင်း၊ ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေး ရှေ့တန်းဆေးကုသရေးစခန်းများမှ ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် အဖွဲ့ဝင် ၃၃ ဦးတို့သည် မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်များရှိ ယောချောင်း၊ ဒိုင်းပုံ၊ ကြက်ရေကြီး၊ လောင်းဒရိတ်၊ ကျွန်းသာယာ၊ အရှေ့ဖရုံကာ၊ ရေး ကုသရေးစခန်းများ၌ လည်းကောင်း အခြေပြု၍ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ ဆေးကုသခြင်း၊ ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ကူးစက်ရောဂါပြန့်ပွားမှု စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

ရခိုင်ပြည်နယ် ဒုတိယ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးသည် စစ်တွေမြို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြည်နယ်မှတာဝန်ရှိသူများနှင့် လေဘေးသင့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခြင်းများကို လည်းကောင်း၊ ကျောက်ဖြူခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဦးစီးသောအဖွဲ့သည် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာ၌ အခြေခံ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ပြင်ပလူနာ ၆၀ တို့အား ဆေးကုသပေးခဲ့ပြီး ကူးစက်ရောဂါ စုံစမ်းထောက်လှမ်းခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်လျက်ရှိကြသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဦးစီးသော အဖွဲ့သည် နိုဝင်ဘာ ၆ ရက်တွင် မြေပုံမြို့နယ် ပြည်သူ့ဆေးရုံ၌ ရှေ့တန်းဆေးကုသရေးစခန်းများ၌ တာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများအား တာဝန်ခွဲဝေ ကြီးကြပ်ညွှန်ကြားခြင်း၊ လောင်းဒရိတ်၊ လေးတူ၊ ကျောက်တန်းကျေးရွာများ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နိုဝင်ဘာ ၆ ရက်ထိ မြေပုံ၊ ကျောက်ဖြူနှင့် ပေါက်တောမြို့နယ်များ၌ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဦးစီးသော ပြည်သူ့ဆေးကျန်းမာရေး ကွင်းဆင်းအဖွဲ့ဝင်များသည် ဆေးရုံ၊ ဆေးခန်းများ၊ ရှေ့တန်းဆေးကုသရေးစခန်း ခြောက်ခုနှင့် ကျေးရွာများသို့ ကွင်းဆင်းကုသပေးခဲ့သည့် လူနာစုစုပေါင်းမှာ ၉၈၉၉ ဦး၊ ရေတွင်းရေကန် ၂၈၅၇ ခုကို ကလိုရင်းဆေးခတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၃၄)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၉

(၃၄)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ (၃၃)ကြိမ်မြောက် သွေးလှူရှင်များ ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ် (၅၀)နှင့် အကြိမ်(၅၀)အထက် သွေးလှူရှင်များသည် နိုဝင်ဘာ ၁ ရက်(တနင်္လာနေ့) နံနက်ပိုင်းမှ စတင်၍ မိမိတို့၏ သွေးလှူရှင် ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ယူဆောင်၍ ဗဟိုအမျိုးသားသွေးဌာနသို့ နိုဝင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ ရုံးဖွင့်ရက်များ၌ နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း လာရောက်ပေးသွင်းနိုင်ကြောင်းနှင့် (၃၄)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲ ကျင်းပမည့်နေ့ရက်နှင့် ကျင်းပမည့်နေရာကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆရာတော်အရှင်အဂ္ဂသာရ ဟောကြားတော်မူသော တရားတော်"
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၇)**
- ၈း၅၀ Activities In The City [အထက(၁)ကမာရွတ် ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲ]
- ၉း၀၅ အလင်္ကာပန်းလေး လန်းစေချင်ရိုက်ကွင်း
- ၉း၂၅ အားကစားမြင်ကွင်းစုံ
- ၉း၅၅ Activities In The City (မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ သိက္ခာထပ်မင်္ဂလာအခမ်းအနား)
- ၁၀း၁၀ Industrial Talk
- ၁၀း၄၀ ဓာတ်ပုံထဲမှအမှတ်တရများ (အောင်ရဲလင်း)
- ၁၀း၅၅ သင်ယူလေ့လာဂီတပညာ (Film Score Module 02) (Part-1)
- ၁၁း၁၅ စာအုပ်စာပေလွှမ်းမိုတ်ဆွေ (စာရေးဆရာမဒေါက်တာ ဒဂုန်ခင်သဇင်နှင့်တွေ့ဆုံခြင်း)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၂၃)
- ၁၂း၀၅ ကံကောင်းခြင်းတွေဝေဆာမည့် မန္တလာမြေမှ Lucky Home
- ၁၂း၃၅ 2 D (ရဲတိုက်၊ နေဇင်အောင်အောင်၊ ကေကေမိုးမြင့်၊ ဇင်ချိုခိုင်ဦး၊ ဝတီ) (ဒါရိုက်တာ-Nova)
- ၁း၀၀ "ဆရာတော်အရှင်အဂ္ဂသာရ ဟောကြားတော်မူသော တရားတော်"
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ဒေါသကြီးတာကောင်းတယ်၊ ဒေါသမကြီးတာကောင်းတယ်)
- ၃း၀၀ စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၀)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၇)**
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၂၃)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် [ဇမ္ဗူဥသျှောင်သီလရှင်သင်(အခမဲ့) ပညာရေးကျောင်း]
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၁)**
- ၇း၂၀ Cartoon Show Time (Monster House)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဘဝများ [ဦးဝင်းနိုင်(အနုပညာ)]
- ၉း၀၀ Celebrity Style (မေစံပယ်ညို)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၈)**
- ၁၀း၂၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့နားခိုရာ)
- ၁၀း၄၅ ဘတောဝါနောဘရိယတိ (ဖိုးကျော်၊ နေဆန်း၊ ထူးခန့်ကျော်၊ ထွန်းထွန်းဝင်း၊ စိုးမိုးကြည်၊ ဝင်းမင်းသန်း) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၁း၄၀ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၁၂း၀၅ Shooting Location (ဇီဇဝါခြံ)
- ၁၂း၂၅ လှပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၂)
- ၁၂း၅၅ နေပြည်တော်ဖွံ့ဖြိုး တိုးတက်ရေးဇုန်
- ၁း၂၀ အန္တရာယ်ကင်းကွမ်းရွက်လိမ်းဆေး
- ၁း၄၀ လှပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
- ၂း၀၅ World of Knowledge (Ultimate Disaster; Earthquake)
- ၂း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃း၅၅ လှေကားသုံးထစ်ဆင်းတဲ့အခါ (မင်းသူ၊ အရိုင်း၊ အေးသီတာ) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၄း၀၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၄း၃၀ ရောင်စုံရသနီယွန်ည
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၁၀	Chelsea - Fullham	STAR SPORTS (Live)
၂း၂၄	Man City - Man U	ESPN (Live)

၂၀၁၀ ခုနှစ် ဆင္ဒမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းချက်များ သတ်မှတ်

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ သတ်မှတ်လိုက်သည်။

အသင်းလိုက် (Inter Club) ပြိုင်ပွဲဝင်များ အသက်(၄၅)နှစ်အောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိ၊ အသက်(၄၅)နှစ်အထက်မှ (၆၀)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့် နှစ်ဦး ယှဉ်ပြိုင်ခွင့်ရှိသည်။ အမျိုးသားတံခွန်စိုက်နှင့် မြန်မာပြည်တံခွန်စိုက်ပြိုင်ပွဲ တစ်ဦးချင်း (သို့မဟုတ်)နှစ်ယောက်တွဲပြိုင်ပွဲများတွင် ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့သူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိ၊ အသက်(၆၀)နှစ်အထက် ကစားသမားများ ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ တစ်သင်းလျှင် ပြိုင်ပွဲဝင်ဦးရေ အများဆုံး ခုနစ်ဦးနှင့် အနည်းဆုံး ခြောက်ဦးပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင် သုံးပွဲ နှစ်ပွဲ (Best of 3 Sets) စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

သက်တန်းအလိုက်ပြိုင်ပွဲကို ရှုံးထွက်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ နည်းဥပဒေများဖြင့် ကျင့်သုံးမည်ဖြစ်သည်။ ပြိုင်ပွဲများကို နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ပွဲမပြီးပါက နောက်တစ်နေ့ နံနက်ပိုင်းတွင် ဆက်လက်ကစားစေမည်ဖြစ်ကာ သက်တန်းအလိုက်နှင့် အလွတ်တန်းပြိုင်ပွဲများကို (Best of 3 Sets)ပုံစံဖြင့် ကစားရမည်ဖြစ်ပြီး ပထမပွဲငယ်၊ ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်များကို (Tie- Break) စနစ်ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲ၏ အလွတ်တန်းပြိုင်ပွဲကို (Best of 3 Sets) ပုံစံဖြင့် ကစားရမည်ဖြစ်ပြီး ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်ကို (Tie- Break) စနစ်၊ နောက်ဆုံးပွဲစဉ်ကို နှစ်ဂိမ်းပြတ် (Long Game) စနစ်ဖြင့် ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် နိုဝင်ဘာ ၁၉ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၈၁၉၉၁/၉၉၂(လိုင်းခွဲ- ၀)နှင့် ၃၇၂၃၆၀တို့သို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံးခန်းမသို့ အသင်းတစ်သင်းလျှင် တာဝန်ရှိသူတစ်ဦး တက်ရောက်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြိုင်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်တင်က ပထမဆုရ အမှတ်(၂) ရပ်ကွက် အမျိုးသမီးဘောလုံးအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြိုင်မြို့နယ် မိုးရာသီ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဖလား မိုးရာသီ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)ရပ်ကွက် အမျိုးသမီးဘောလုံးအသင်းနှင့် အမှတ်(၂) ရပ်ကွက် အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂)ရပ်ကွက် အမျိုးသမီးဘောလုံးအသင်းက အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်သန်းမြင့်က ဒုတိယဆုရ အမှတ်(၁)ရပ်ကွက် အမျိုးသမီးဘောလုံးအသင်းအားလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်တင်က ပထမဆုရ အမှတ်(၂)ရပ်ကွက် အမျိုးသမီးဘောလုံးအသင်းအားလည်းကောင်း ဆုနှင့် ဆုဖလားတို့ကိုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုကို တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁၇ နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအသီးသီးအတွက် အမည်စာရင်းများကို နိုဝင်ဘာ ၁၂ ရက် အရောက် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်သို့ ပေးပို့ရမည်ဖြစ်သည်။

အသင်းအုပ်ချုပ်သူနှင့် နည်းပြများ ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် ညနေ ၃ နာရီတွင် အဖွဲ့ချုပ် ရုံးခန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက အဖွဲ့ချုပ်ရုံး အောင်ဆန်း အားကစားကွင်း အထူးတန်း ဖုန်း-၀၁-၃၈၂၄၅၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် မင်းတပ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၂၄ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၁၀ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

တမူးခရိုင် ခမ်းပတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သော မြို့မဈေးအတွင်း လက်တူးတွင်း အုတ်ရေကန်၊ တုံကင်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေထွက်ရှိမှုကို မြို့နယ်တာဝန်ခံဦးအေးမင်းထွန်း ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးဇော်ခင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတစ်ဝန်း အောက်တိုဘာလအတွင်း မီးလောင်မှု အကြိမ် (၅၀) ဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၉

အောက်တိုဘာလအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု အကြိမ် (၅၀) ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ပေါ့ဆမီး (၄၂)ကြိမ်၊ အလိုအလျောက်မီး (၁)ကြိမ်၊ လျှပ်စစ်မီး(၅)ကြိမ်နှင့် မသမာသူရှို့မီး(၂)ကြိမ်တို့ ပါဝင်သည်။

မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၄၁ လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၃၃၀ တို့ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ၇၈ ဦးသေ၊ ၂၇ ဦးဒဏ်ရာရခဲ့သည်။

မီးလောင်မှုအကြိမ် (၅၀)တွင် မီးဖိုမီး အပါအဝင်ပေါ့ဆမီး (၄၂)ကြိမ် ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၄ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်းဒေသကြီး၌ အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မကွေးတိုင်းဒေသကြီး၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုဆုံးရှုံးမှုအနေဖြင့် ကချင်ပြည်နယ်၌ အများဆုံး၊ ဧရာဝတီတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီး၌ တတိယအများဆုံး ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက မြဝတီမြို့အတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ခြင်းနှင့် ဘုရားသုံးဆူမြို့ကို ပစ်ခတ်ခဲ့ခြင်း

နေပြည်တော် နိုဝင်ဘာ ၉

ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံ အသုံးပြု၍ ဆောင်ရွက်လျက်ရှိရာ ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တစ်ဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် မြဝတီမြို့၏ တောင်ဘက်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် မြဝတီမြို့အတွင်းနေရာ ငါးနေရာ၌ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ ပစ်ခတ်မှုကြောင့် ဒေသခံအပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာများအား မြဝတီဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သောဆေးဝါးကုသမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရှိရသည်။

အဆိုပါ ကေအင်န်ယူအကြမ်းဖက် သောင်းကျန်းသူတို့၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် မြဝတီမြို့အပြင် ထိုင်းနိုင်ငံ မဲဆောက်မြို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအနီးနှင့် တရုတ်ဘုံကျောင်းအနီးတို့တွင်လည်း ကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး လူအချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့သို့ ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့သည် မြို့၏ မြောက်ဘက်ခြမ်းမှ လက်နက်ကြီး/လက်နယ်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တစ်ဦး သေဆုံးခဲ့ပြီး တပ်မတော်သား လေးဦးနှင့် မြို့နယ်သစ်တောရုံးမှ ဝန်ထမ်း တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

မြဝတီမြို့နှင့် ဘုရားသုံးဆူမြို့နေပြည်သူလူထုနှင့် အလုပ်သမားများ စနစ်တကျသွားလာနေထိုင်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား မိမိတပ်မတော်က လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် နိုဝင်ဘာ ၁၃ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ ချစ်ဦးညိုက အနုပညာခံစားမှုနှင့် အနုပညာဖန်တီးမှု ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထက(၁)မြင်းခြံ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

မြင်းခြံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူသွားကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်အားလုံးတို့က ပူဇော်ကန်တော့ကြမည့် ပထမ အကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁) ပုပ္ပားခန်းမ ဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲအခမ်းအနားသို့ အထက(၁)မှ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကန်တော့ခံကြွရောက်ပါရန်နှင့် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီသို့ ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ဆက်သွယ် အကြောင်းကြားရန်ဖြစ်သည်။

အာစရိယပူဇော်ပွဲ အခမ်းအနားသို့ ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းတပည့်များအားလုံး တက်ရောက် ပူဇော်ကန်တော့ကြရန်နှင့် အာစရိယပူဇော်ပွဲသို့ အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် မြင်းခြံမြို့တွင် ဒေါ်ယုယုစမ်း(အထက-၁၊ ကျောင်းအုပ်) ဖုန်း-၀၆၆-၂၁၁၀၃၊ ဦးတင့်လွင် ဖုန်း-၀၉-၂၂၁၅၂၀၀၊ ဦးနေလင်း ဖုန်း-၀၉-၈၆၁၆၂၀၉၊ ရန်ကုန်မြို့တွင် ဦးတင်မောင်မောင် ဖုန်း-၀၁- ၇၃၀၂၈၄၆၀၊ ဦးစောလှမြင့် ဖုန်း-၀၉-၅၁၅၇ ၇၅၅၊ ဦးဝင်းနိုင်အေး ဖုန်း-၀၁-၇၀၁၂၇၃၊ ဒေါက်တာဝင်းမြတ် ဖုန်း-၀၉-၅၁၀၂၉၂၅၊ ဦးကျော်ဆွေ ဖုန်း-၀၁- ၅၅၆၈၉၄၊ ဦးကျော်ဝင်း (လှည်းကူး၊ အထက ကျောင်းအုပ်) ဖုန်း-၀၁- ၇၃၀၀၉၁၄၃၊ ဦးသိန်းနိုင်ဦး ဖုန်း-၀၉-၅၁၅၄၉၈၈၊ ဦးကျော်နိုင်သန်း ဖုန်း-၀၉-၅၁၇၁၄၅၆၊ ဒေါ်စမ်းစမ်းတင့် ဖုန်း-၀၉-၅၁၃၅၃၅၈၊ မန္တလေးမြို့တွင် ဦးတင်ရွှေ (ဘိုမ-အထက်ဆင်) ဖုန်း-၀၉-၂၀၀၂ ၇၀၄၊ ဒေါက်တာနေမျိုး (ဒီ-ဘိုင်အို) ဖုန်း-၀၉-၅၁၄၁၇၄၅၊ ဒေါက်တာလှဆွေဦး ဖုန်း-၀၉- ၅၁၈၈၈၆၅၊ တောင်ကြီးမြို့တွင် ဦးသန်းထွန်းအောင် ဖုန်း-၀၉-၅၂၁၃ ၆၄၆၊ ဦးမင်းသူ ဖုန်း-၀၉-၅၂၁၁၂၆၃၊ မိတ္ထီလာမြို့တွင် ဦးစောနိုင်ထွန်း ဖုန်း-၀၆၄-၂၃၆၄၄၊ ပြင်ဦးလွင်မြို့တွင် ဒေါက်တာအေးမင်းစိုး(DSTA) ဖုန်း-၀၉-၅၀၁၃၅၃၃ ပျော်ဘွယ်မြို့တွင် ဦးစောလင်း (မြန်မာ့ဆက်သွယ်ရေး) ဖုန်း-၀၉-၄၇၁၂၇၅၅၅ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးပညာရှင်ကြီးများ အစုံအလင်ပါဝင်မည့် ဆွေးနွေးပွဲသင်တန်း ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

World-Class Management: the post-graduate weekly lecture series အမည်ဖြင့် အပတ်စဉ် ဘွဲ့လွန်အဆင့် ဆွေးနွေးပွဲ သင်တန်းများကို Strategy First Institute က Traders Hotel ၌ ဗုဒ္ဓဟူးနေ့တိုင်း ညနေ ၆ နာရီမှ ည ၈ နာရီအထိ ကျင်းပ ဆွေးနွေးသွားမည်ဖြစ်သည်။ ကမ္ဘာ့အဆင့်မီ နောက်ဆုံးပေါ် စီမံခန့်ခွဲမှုပညာရပ်များနှင့် မျက်ခြည်မပြတ်လိုသော စီးပွားရေးလုပ်ငန်းရှင်များ၊ Senior Management မှ ပုဂ္ဂိုလ်များနှင့် ဆက်လက်လေ့လာလိုသော MBA နှင့် စီးပွားရေးဘွဲ့ရများအတွက် ဖွင့်လှစ်မည့် သီးသန့်သင်တန်းဖြစ်သည်။ ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက်တွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်း (မုံရွာစီးပွားရေးတက္ကသိုလ်)က Decoding Resistance to Change ဟူသော ခေါင်းစဉ်ဖြင့် စတင်ဆွေးနွေးမည်ဖြစ်သည်။

အပတ်စဉ် အလှည့်ကျ သင်ကြားဆွေးနွေးကြမည့် ပညာရှင်များမှာ ဒေါက်တာဒေါ်ခင်အုန်းသန့် (Advisor, National AFTA Unit)၊ အငြိမ်းစားပါမောက္ခချုပ် ဦးမော်သန်း၊ အငြိမ်းစားပါမောက္ခ/ဌာနမှူး ဒေါ်ရီရီမြင့်၊ အငြိမ်းစားပါမောက္ခ/ဌာနမှူး ဒေါ်လှမြင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်း (မုံရွာစီးပွားရေးတက္ကသိုလ်)နှင့် ပညာရှင်များစွာတို့က အလှည့်ကျ ဆွေးနွေးသွားမည်ဖြစ်သည်။ ဦးအောင်ချစ်ခင် (Strategy First)က host အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ Leadership, Corporate Strategy, Marketing, Supply Chain & Operations, Human Resource Management, Innovation နှင့် Finance ဆိုင်ရာ ယနေ့နောက်ဆုံးပေါ် အကြောင်းအရာများကို အလှည့်ကျ စုံလင်စွာ ဆွေးနွေးသွားမည် ဖြစ်သည်။ ယင်းသင်တန်းသည် စီးပွားရေးစီမံခန့်ခွဲမှု ပညာရှင်ကြီးများထံမှ အသိပညာဗဟုသုတအစုံအလင် စဉ်ဆက်မပြတ် ရရှိနိုင်မည့် အခွင့်အရေးကောင်းတစ်ခုဖြစ်သည်။

တစ်နှစ်တာပတ်လုံး ဆွေးနွေးမည့်သင်တန်းဖြစ်ပြီးတက်ရောက်ခွင့်ကတ်များကို တစ်ကြိမ်လျှင် ငွေကျပ် တစ်သောင်းခွဲ၊သုံးလလျှင်ငွေကျပ်တစ်သိန်းနှင့် ခြောက်လလျှင် ငွေကျပ် တစ်သိန်းရှစ်သောင်းဖြင့် ဝယ်ယူနိုင်သည်။ Gold-Class ကတ်များကို သုံးလလျှင် ငွေကျပ်တစ်သိန်းခြောက်သောင်းနှင့် ခြောက်လလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ကန့်သတ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Corporate Package သုံးကတ်နှင့်အထက် ဝယ်ယူသော ကုမ္ပဏီများအတွက် ဝန်ထမ်းများကို အလှည့်ကျ စေလွှတ်နိုင်ပြီး Sponsorship အခွင့်အရေးများလည်း ရရှိနိုင်မည်ဖြစ်သည်။ အဆင့်မြင့်အရာရှိများ၊ မန်နေဂျာများအတွက် အထူးသင့်တော်သော Executive Development Program တစ်ခုဖြစ်သည်။ ဆေးလိပ်၊ ဘီယာ၊ အရက်နှင့် အချို့ Multi-level Marketing လုပ်ငန်းများမှ ပုဂ္ဂိုလ်များအား သင်တန်းတွင် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

တက်ရောက်မှု အနည်းဆုံး (၁၀)ကြိမ်ရှိတိုင်း Continuing Professional Development Certificate လက်မှတ်များထုတ်ပေးသွားမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၃၉၁၃၅နှင့် ၅၃၉၁၃၂၊ အခန်း(၁၀၀၂) (၁၀)လွှာ ပန်းခြံတာဝါ ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် စမ်းချောင်းမြို့နယ် ရန်ကုန်သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး(၂) ဦးညဏ်လင်းမောင်နှင့် ဝန်ထမ်းများ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းအဖြစ် ရပ်ကွက်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၉

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆)၊ အမှတ်(၄၄)တွင် "ပြည်သူတွေ မဲပေးပြီးကြပြီ" ရွေးကောက်ပွဲ မြင်ကွင်းများ မျက်နှာဖုံးဆောင်းပါး၊ ရွေးကောက်ပွဲနဲ့ သူတို့အမြေ စသည့် ရွေးကောက်ပွဲသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဂျီအက်စ်အမ်ဖုန်းများ နေပြည်တော်တွင် သုံးနိုင်ပြီ၊ ဘိုင်းဒါးကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်း ဧက ၂၀၀၀ ချင်းတွင်းမြစ်ကြောင်း စီမံကိန်း ကုမ္ပဏီလီမိတက် နှစ် ၃၀ စာချုပ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မည်၊ ငှက်ပျောပင်မှ သဘာဝအတိုင်းမဟုတ်ဘဲ ထူးဆန်းစွာ ငှက်ပျောခိုင်ထွက်ပေါ်လာ၊ လာနီညာ ပိုမိုအားကောင်းလာ၍ ဆောင်းရာသီ အအေးပိုမည်၊ မျက်စိနာပြီးတော့ တုပ်ကွေးလာပြန်ပြီ၊ ဆောင်းရာသီအဝတ်အထည်ဈေးကွက်အကြောင်း တစေ့တစောင်း၊ ကြက်ငှက်တုပ်ကွေးရာသီဖြစ်၍ ကြက်ဘဲရောင်းဝယ်သူများနှင့် စားသုံးသူများ အထူးဂရုပြုရန် လိုအပ်ပြီ၊ တောင်ကိုရီးယားသံရုံး စီးပွားရေးဌာန Kotra ၏ လက်ထောက်စီးပွားရေးသံမှူး မစ္စတာကင်ဂျောင်ဆန်းနှင့် တွေ့ဆုံခြင်း၊ ဘုရင့်နောင်ကုန်စည်ဈေးကွက်နှင့် မန္တလေးကုန်စည်ဈေးကွက် သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အခြေခံစားသောက်ကုန်နှင့် စားသုံးသူအသံ၊ လူတွေက အတူတူသာနေကြတာ မတည့်ကြတာများပါတယ် ဆုပန်ထွာနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာပေါ်တွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အလွယ်ကူ အကောင်းမွန်ဆုံးနေရာသည် စင်ကာပူဖြစ်ဟုဆို၊ ဗြိတိန်နှင့် ပြင်သစ်တို့ နှစ်နိုင်ငံကာကွယ်ရေးကိစ္စများ ပူးပေါင်းလုပ်ဆောင်ကြရေးသဘောတူညီ၊ မီရာပီမီးတောင်ပေါက်ကွဲမှု လနှင့်ချီ ကြာမြင့်နိုင်ဟုဆို၊ တရုတ်နိုင်ငံ သန်းခေါင်စာရင်းကောက်ရာတွင် ရွှေ့ပြောင်းအလုပ်သမားများကြောင့် အခက်တွေ့နေ၊ ဝိတ်ချပြီး ကျန်းမာရေးကို လျစ်လျူရှုထားပါက ဝိတ်ပြန်တက်ရုံမျှမက နောက်ဆက်တွဲဝေဒနာများ ဖြစ်ပေါ်နိုင်၊ ဆက်ဆံရေးတင်းမာခဲ့သော တရုတ်နှင့် ဂျပန်ဝန်ကြီးချုပ်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံ၊ အချစ်ကိုကိုးကွယ်သည့် မိန်းကလေးကြေကွဲဖွယ်ရာ ဇာတ်လမ်းများနှင့် အဆုံးသတ်ခဲ့ရ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး ကော့သောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၉

တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေးသည် အောက်တိုဘာ ၂၉ ရက်တွင် ကော့သောင်းမြို့နယ် တိုးတက်အောင် ဥစားကြက်မွေးမြူရေးခြံသို့ရောက်ရှိရာ တာဝန်ရှိသူများက ဥစားကြက်များ မွေးမြူထားရှိမှု၊ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် ဘုရင့်နောင် ကုန်းမြေသန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးသည် မြို့မတံတားသို့ရောက်ရှိပြီး ကမ်းနားလမ်း မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကော့သောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျုံပျော်မြို့နယ် အထောင် အထက
ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်

ကျုံပျော် နိုဝင်ဘာ ၉

ကျုံပျော်မြို့နယ်၊ အထောင်အထက ဆရာကြီးဦးရောလေ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ရေး ကော်မတီက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အထောင်အထကမှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးခင်ညိုနှင့် မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများ၊ ဆရာကြီးဦးရောလေ ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ရေးကော်မတီဝင်များ၊ ကျောင်းသားဟောင်းများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းအုပ်ဆရာကြီး ဦးခင်ညိုနှင့် ဆုချီးမြှင့်ရေး ကော်မတီဝင်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့အား ဆုတံဆိပ်၊ ဆုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်ပွဲ အခမ်းအနားမစမီ ပညာရေးငွေပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်တင်စိုး (ငြိမ်း)-ဒေါ်ခင်မိမိလေးက ငွေကျပ်တစ်သိန်း၊ ဆရာကြီး ဦးတင်ရွှေ (ရန်ကုန်မြို့ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မြန်မာစာ ပါမောက္ခ-ငြိမ်း)-ဒေါ်ခင်မေသွက်၊ သမီး ဒေါ်ဝင်းကြည်တင် (ခေတ္တ-စင်ကာပူ)က ငွေကျပ် တစ်သိန်းနှင့် ကျောင်းသားမိဘအလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ်ကိုးသိန်းကျော်တို့ကို ပေးအပ်လှူဒါန်းကြရာ ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်စင်နှင့် ကော်မတီဝင်များက လက်ခံကြကြောင်း သိရှိရသည်။

(ကြေးမုံ)

ထီးချိုင့်မြို့နယ်အသင်း (ရန်ကုန်)
တတိယအကြိမ် စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

ထီးချိုင့်မြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကရုဏာပရဟိတရိပ်သာ၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုပါက ကရုဏာပရဟိတရိပ်သာ ဖုန်း-၀၉-၅၅၀၇၀၇၂၊ ဆရာမဒေါ်ထူးထူး ဖုန်း-၀၁-၇၃၀၁၀၅၆၆၊ ၀၉-၅၁၈၉၉၈၁ နှင့် ဦးအောင်စိုးထွန်း ဖုန်း-၀၁-၇၃၀၉ ၇၂၀၃၊ ၀၉-၉၉၂၆၃၆၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နတ်ရေတွင်းလမ်း ကျောက်ချောလမ်း(ကျေးလက်) ခင်းခြင်းလုပ်ငန်း အရှည် ၄၆၃၁ ပေ ၊ အကျယ် ၁၂ ပေအား အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်သန်း တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကျောက်စုဆောင်းထားရှိမှုများအား အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေစီးရေလာကောင်းမွန်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း အောက်တိုဘာ ၃ ရက်က တိုက်ကြီးမြို့တွင်း ရေမြောင်းများ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ အဖွဲ့ အမှုဆောင်အရာရှိ သူရဦးမြင့်သူ ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကွင်းဆင်း ဆောင်ရွက်

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဘုရင့်နောင်ရပ်ကွက်၌ အဖွဲ့ဝန်ထမ်းများဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဦးစီးအရာရှိ ဦးဘဂွမ် ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ နဝမအကြိမ်မြောက် စုပေါင်းအလှူပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် စံပြ(၅)လမ်း (စံပြဈေးအရှေ့ဘက်)ရှိ ပိဋကတ်တိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူ အသင်းဝင်များနှင့် မြို့နယ်သားများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအံ့ကျော်(ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ ၅၄၉၃၀၁၊ ၅၅၆၂၅၄ အတွင်းရေးမှူး ဗိုလ်ကြီးသန်းဌေး(ငြိမ်း) ဖုန်း-၀၉-၅၁၃၇၁၉၂၊ ၃၉၃၁၀၅၊ ဘဏ္ဍာရေးမှူး ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅၃၇ ၀၉၂၊ အသင်းတိုက် ဖုန်း-၂၂၆၅၉၀ တို့သို့ နိုဝင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ပြီး ယင်းနေ့ နံနက် ၈ နာရီခွဲတွင် အသင်းတိုက်မှ ပိဋကတ်တိုက်ကျောင်းသို့ ကြိုပို့ယာဉ်တစ်စီးဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(ကြေးမုံ)

ထားဝယ်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

ထားဝယ် နိုဝင်ဘာ ၉

ထားဝယ်ခရိုင် ထားဝယ်မြို့နယ် ကနိုင်းဒါကျေးရွာအုပ်စုရှိ တောင်သူဦးသန်းစိန်၏ မိုးစပါးမျိုးသန့် စံပြစိုက်ခင်း ၉ ဒသမ ၁၀ ဧကကို အောက်တိုဘာ ၂၉ ရက်က စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ရာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ခရိုင်စိုက်ပျိုးမြှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

အဆိုပါ စပါးခင်းအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကေ ပျမ်းမျှအထွက်နှုန်း ၉၇ ဒသမ ၆၆ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

အောက်တိုဘာ ၂၃ ရက်က ဆရာ ဝိသုဇ္ဇက (ပဲခူး)၏ "ဗုဒ္ဓေါ တပတိ တေဇသာ" စာအုပ်အား စာပေပညာရှင်များနှင့် မိတ်ဆွေအပေါင်းအား စာရေးသူကိုယ်တိုင် လက်မှတ်ရေးထိုးပြီး အမှတ်တရ မေတ္တာလက်ဆောင်ပေးအပ်ရာ ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ထုတ်ဝေသူ မျိုးဆက်သစ်စာပေနှင့် မြို့မိမြို့ဖများ၊ ဂျာနယ်တိုက်များမှ ကိုယ်စားလှယ်များအား ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

(၃၈) ကြိမ်မြောက် အထက(၁) ပြည်
အာစရိယပူဇော်ပွဲ ကျင်းပမည်

ပြည် နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၁ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၇ နာရီတွင် အဆိုပါကျောင်း အောင်သော်ခန်းမ၌ ကျင်းပမည်ဖြစ်သည့်အတွက် အနားယူသွားသော သက်ပြည့်ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ပါရန်နှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးစောမြင့် ဖုန်း-၀၉-၅၃၆၈၃၅၆၊ ဦးထိုင်ထိုင် ဖုန်း-၀၉-၅၃၁၁၄၀၂၊ ဦးကျော်စိုးဦး ဖုန်း-၀၅၃-၂၇၆၉၅၊ ကျောင်းအုပ်ကြီး ဖုန်း-၀၅၃-၂၄၁၁၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၄၉၅၀၀၄၆၊ ဦးကြည်စိုးဦး ဖုန်း-၀၉-၅၃၁၃၁၀၄၊ ဦးမြတ်သူ ဖုန်း-၀၉-၅၃၀၁၁၇၊ ဦးမောင်မောင်ကြည် ဖုန်း-၀၁-၂၅၄၇၈၂နှင့် ဒေါက်တာထိန်ဝင်း ဖုန်း-၀၉-၅၁၁၆၀၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အားမြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိ စေရေး သတိပေး နှိုးဆော်အပ်ပါသည်။





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရိပ်သာလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ အမှတ်(၄၂/ခ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၆-L)၊ မြေကွက်အမှတ်(၁၂၁-စီ/၁-ဘီ)၊ ဧရိယာ (၀. ၁၃၆)ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့်မြေကွက်ပေါ်ရှိ ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူတို့ထံမှ ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၈၉၂/၂၀၁၀)ကို ရရှိသူ ဒေါ်မြင့်မြင့်ဆွေ[၁၂/မရက(နိုင်)၀၈၃၂၆၄]နှင့် ဒေါ်သန်း သန်းအေး[၁၂/ကတတ(နိုင်)၀၀၃၀၆၅]တို့မှ မိမိတို့သည်အထက်ပါမြေကွက်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး အဆိုပါမြေကွက်ကို ရောင်းချလိုကြောင်း ကမ်းလှမ်း၍ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကြေးကို စရန်ငွေအဖြစ် ဒေါ်မြင့်မြင့်ဆွေနှင့် ဒေါ်သန်းသန်းအေးတို့ထံ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောစာချုပ် စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်အရေးဆိုနိုင်ပါသည်။ အရေးဆိုသူမရှိပါက ဤအရောင်းအဝယ်ကို ပြီးပြတ်အောင်မြင်သည်အထိတရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလှိုင်(LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၅၃၅၄)
အေရှုပလာဇာ၊ အခန်း(၀၂-၂၅)ပထမထပ်၊
ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁



ဥတ္တရာသီ တောကိုမီး၏

တိုက်ခန်းရောင်းမည်

ဗိုလ်တထောင်၊ (၄၄)လမ်း၊ ၁၂½'×၅၀'၊ ပထမထပ်၊ ထပ်ခိုး (၂၂၅)သိန်း

Ph:09-5134630,09-5165691

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-မတလ/၂၂၁၆၂၅၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးချမ်းသာ မှတ်ပုံတင်အမှတ်[၉/ရမသ(နိုင်)၀၁၀၄၇၉] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရမည်းသင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉/၂၁၂ မာဇဒါ ဖယ်မလီ ယာ၊ စတေရှင်ဝက်ဂွန်(၄×၂) ယာဉ်လက်ဝယ်ရှိသူအမည် ဦးဟာမဒ် မှတ်ပုံတင်အမှတ်[၁၂/ရကန(နိုင်)၀၆၀၂၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပသ/၇၂၅၅၊ ဟွန်ဒါ 110 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ခင်သောင်း မှတ်ပုံတင်အမှတ်[၁၄/ပသန (နိုင်)၀၄၇ ၀၅၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး (ပုသိမ်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊မြေကွက်အမှတ် -၂၈၃/ခ၊မြေကွက်တည်နေရာအမှတ်(၂၈၃½၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးကံ)(ငင-၀၁၇၇၁၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးကံနှင့်ဇနီးဒေါ်ခင်မြင့်၊ သမီးတစ်ဦး ဒေါ်လှလှမေတို့ ကွယ်လွန်သဖြင့် (၁)ဦးဝင်းမြင့်ဦး [၁၂/ဥကတ(နိုင်)၀၁၅၂၀၁]၊ (၂) ဒေါ်ခင်မေကြည်[၁၂/ဥကတ(နိုင်)၀၁၄၉၃၇]၊ (၃) ဒေါ်ခင်မေငွေး(S/OKA-၀၅၄၃၃၅)၊ (၄)ဦးဇော်မင်းမင်း [၁၄/မအပ(နိုင်) ၁၅၅၈၇၇]တို့က သားသမီးနှင့်မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)

M.B.,B.S(Ygn), D.T.M & H(London),
M.R.C.P(UK), F.R.C.P(Edin)

အသက်(၇၃)နှစ်

ဆေးတက္ကသိုလ်(၂)မှ မြတ်ဆရာတစ်ဦးဖြစ်သူ ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)သည် ၂၉-၁၀-၂၀၁၀ ရက်တွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၃ခုနှစ်ဒုတိယနှစ်ဆေး	၁၉၆၅ ခုနှစ် ပထမနှစ်ဆေး
၁၉၆၃ခုနှစ်ပထမနှစ်ဆေး	၁၉၆၆ ခုနှစ်ပထမနှစ်ဆေး
၁၉၆၄ခုနှစ်ဒုတိယနှစ်ဆေး	၁၉၆၇ ခုနှစ်ပထမနှစ်ဆေး
၁၉၆၄ခုနှစ်ပထမနှစ်ဆေး	၁၉၆၈ ခုနှစ်ပထမနှစ်ဆေး

ချစ်တပည့်ကျောင်းသား၊ ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း

ဦးဝေလွင်ထွန်း

အသက်(၃၀)

ပုသိမ်မြို့နေ ဗိုလ်ကြီး ဒေါ်ရွှေစင်ဦး၏ခင်ပွန်း ဦးဝေလွင်ထွန်း အသက်(၃၀)သည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဗိုလ်မှူးကြီး မင်းစိုးဦးနှင့်
အရာရှိ၊ အရာခံ၊ အကြပ်(စစ်သည်)မိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း)(စာရေးဆရာဒါရိုက်တာတင်သန်းဦး)(အမျိုးသားစာပေဆုရ)သည် ၅-၁၁-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးအောင်မိသားစုနှင့်
ပြည့်စုံစာအုပ်တိုက်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း)

(စာရေးဆရာဒါရိုက်တာတင်သန်းဦး)

အသက်(၅၈)နှစ်

ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး(ငြိမ်း) (စာရေးဆရာဒါရိုက်တာတင်သန်းဦး)(အမျိုးသားစာပေဆုရ)သည် ၅-၁၁-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

တပ်ကြပ်ကြီးမြင့်လွင်(ငြိမ်း)-ဒေါ်သန်းသန်းဆင့်မိသားစု
(မြောက်ဥက္ကလာပမြို့နယ်)

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒေါ်အဲန်နာ

ချစ်သော မေမေ ဒေါ်အဲန်နာ ခရစ်တော်၌ အိပ်ပျော်သွားသည်မှာ ဒီနေ့ဆိုရင် “၁”နှစ်ပြည့်ခဲ့ပါပြီ။ အသက်ရှိစဉ်ကာလက သား၊ သမီးတို့အပေါ် ပဲ့ပြင်ဆုံးမခဲ့တာတွေ၊ ပတ်ဝန်းကျင် လူသားအားလုံးအတွက် မေမေရဲ့စိတ်ရင်းစေတနာ ဖြူစင်စွာနဲ့ ကူညီစောင့်ရှောက်ပေးခဲ့တဲ့ မေမေ့ကို တစ်နေ့မှမေ့မရပါ။

အဖဘုရားသခင်၏ ရင်ခွင်မှာငြိမ်းချမ်းစွာ မေမေအိပ်ပျော်နိုင်ပါစေ။

ချစ်ခင်ပွန်း - ဗိုလ်မှူးသိန်းဌေး(ငြိမ်း)
ချစ်သမီးကြီး - နန်းသိန်းပွင့်
ချစ်သမီးငယ် - အိမွန်သိန်း
ချစ်သားလေး - ဒေါက်တာထက်ဝေသိန်း

ကျေးဇူးအထူးတင်ရှိခြင်း

ဦးလှငွေ အသက်(၇၂)နှစ်

ဘားအံမြို့တွင် ၂၇-၁၀-၂၀၁၀ရက်က ခရစ်တော်၌အိပ်ပျော်ခဲ့သောဦးလှငွေအား စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ကူညီပေးကြသော ဘားအံဆေးရုံမှ ဆရာဝန်ကြီးများနှင့်ဝန်ထမ်းများ၊ ဘားအံမြို့မှမိတ်ဆွေများ၊ နေ့စဉ် ဝတ်ပြုဆုတောင်းပွဲအခမ်းအနားနှင့် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ပြုလုပ်သော ဝတ်ပြုဆုတောင်းအခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ရန်ကုန်သတ္တမနေ့ အသင်းတော်များမှ သိက္ခာတော်ရဆရာတော်များနှင့် အသင်းသူ၊ အသင်းသားများ၊ မေတ္တာဖြင့်ကူညီပေးခဲ့ကြသော Asia Beauty Palace Co.Ltd မှ MD နှင့် ဝန်ထမ်းများ၊ Health Care Groupအဖွဲ့သားများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လုပ်ဖော်ကိုင်ဖက်များ၊ ကြံခင်းအသင်း၊အင်ပူအသင်း၊ ထူးကြီးအသင်းမှ မိတ်ဆွေများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်း၊ ပန်းစည်းများ ပေးပို့ခဲ့ကြသောကုမ္ပဏီများ၊ အသင်းတော်များ၊ အသင်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် နာရေးကိစ္စအဝဝတွင် ကိုယ်ရောစိတ်ပါကူညီဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

(ကာတွန်း-မောင်ဝဏ္ဏ)

မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၀-၁၁-၂၀၁၀ရက်မှာ(၅)နှစ်ပြည့်ခဲ့သော်လည်း တစ်နေ့မှမေ့မရသေးပါ။

ကိုမောင်အားရည်စူး၍ ပြုသမျှကုသိုလ်အပေါင်းအားအမျှပေးဝေပါသည်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ကိုမောင်ရေ-အမျှ-အမျှ-အမျှ

ဇနီး-ဒေါ်ပြုံးမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးစံခင်(ကိုယ်ပိုင်နည်းပြ)

ဒါရိုက်တာဦးသီဟအောင်-ဒါရိုက်တာဒေါ်ခင်စပါယ်မိုးတို့၏ ဖခင် ဆရာကြီး ဦးစံခင်(ကျောက်ဖြူ) အသက်(၇၂)နှစ်သည် ၇-၁၁-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ
TAS Co.,Ltd.
Htaik Lynn Familer Manufacturing Co.,Ltd.
Shwe Eain Lin Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးစံခင်(ကိုယ်ပိုင်နည်းပြ)

ဒါရိုက်တာဦးသီဟအောင်-ဒါရိုက်တာဒေါ်ခင်စပါယ်မိုးတို့၏ဖခင် ဆရာကြီး ဦးစံခင်(ကျောက်ဖြူ)အသက်(၇၂)နှစ်သည် ၇-၁၁-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

M.D ဦးသူရအောင်နှင့် ဇနီးဒေါ်သီတာကျော်မြင့်သိန်း
Etrade Myanmar. Co. ,Ltd.

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၁၅၉၅၆၂၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်လှမျိုးကြွယ် မှတ်ပုံတင်အမှတ် [၉/တကန (နိုင်)၀၉၈၆၅၆]မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ခရိုင် ကညနရုံး (ရမည်းသင်း)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်

တတိယအကြိမ် သက်ကြီးဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က တတိယအကြိမ် သက်ကြီးဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမ လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အသက်(၇၀)နှစ်နှင့်အထက် ကန်တော့ခံပုဂ္ဂိုလ်များဖြစ်ကြသော ဦးချစ်စံ(၈၆)နှစ်၊ ဦးအောင်ဆု(၈၅)နှစ်၊ ဦးသန်းဆွေ(၈၃)နှစ်၊ ဦးထွန်းမောင်(၈၃)နှစ်၊ ဦးထွန်းကြွယ်(၈၂)နှစ်၊ ဦးမောင်ကြီး(၈၂)နှစ်၊ ဦးသန်းထွန်း(၇၉)နှစ်၊ ဦးဖေအေး(၇၉)နှစ်၊ ဦးမြသိန်း(၇၇)နှစ်၊ ဦးကျော်အေး (၇၅)နှစ်၊ ဦးစိုးဝင်း(၇၅)နှစ်၊ ဦးအောင်ညွန့် (၇၄)နှစ်၊ ဦးသန်းထွန်းဦး(၇၃)နှစ်နှင့် ဦးချစ်မြ(၇၀)တို့က ကန်တော့ခံ တက်ရောက်ကြသည်။

အဆိုပါ သက်ကြီးဂုဏ်ပြုပူဇော်ပွဲသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးအောင်မြတ်၊ ဦးထင်အောင်ကျော်နှင့် အမှုဆောင်များ၊ အလေးမအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကန်တော့ချီးဖြင့် ကန်တော့ကာ သက်ကြီးပုဂ္ဂိုလ်များကိုယ်စား ဦးအောင်ဆုက ဩဝါဒ မေတ္တာစကား ချီးမြှင့်၍ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များက လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား အတွင်းရေးမှူး ဦးမြင့်ဆွေက သက်ကြီး ဂုဏ်ပြုပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်နိုင်ခြင်း မရှိသော အသက်(၁၀၀)ပြည့် ဦးလှမောင်လေးနှင့် ဦးဘသိန်း(၈၂)နှစ်တို့အား အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် အမှုဆောင်များက အိမ်တိုင်ရာရောက်လိုက်လံကန်တော့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် တတိယအကြိမ် သက်ကြီးဂုဏ်ပြုပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။ (မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်)

အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံသို့ သဘာဝရဲယိုဓာတ်စာများ လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၉

အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင်-၃၀၀)တွင် တက်ရောက်ကုသလျက်ရှိကြသော လူနာများ အသုံးပြုရန်အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော် (အထက်)လမ်းရှိ ရှမ်းမောမြေကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးညဏ်လင်းနှင့် အဖွဲ့က ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ “SUMMIT-A သဘာဝ ရဲယိုဓာတ်စာများ” ကို အောက်တိုဘာ ၂၈ ရက်တွင် တပ်ရင်း အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲ အခမ်းအနားသို့ တပ်မှူး၊ ပါရဂူ/ ဌာနမှူးများ၊ မှတ်ပုံတင်အရာရှိ၊ သူနာပြုအုပ်၊ အုပ်ချုပ်မှုအရာရှိများ၊ စစ်သူနာပြုအရာရှိများနှင့် စစ်သည်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

The Mirror

အင်တာနက်

သဘာဝဘေးအန္တရာယ်

သတင်း

ဘာသာပြန် - ဦးသန်း

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မငြိမ်မသက်ဖြစ်နေသော မီရာပီမီးတောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မီရာပီမီးတောင်ပေါက်ကွဲမှု သေဆုံးသူ ၁၅၃ ဦးရှိပြီ

မောင့်မီရာပီ(အင်ဒိုနီးရှား) နိုဝင်ဘာ ၉

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း၌ မီရာပီမီးတောင် ပေါက်ကွဲမှုများကြောင့် သေဆုံးသူဦးရေမှာ ၁၅၃ ဦး အထိ ရှိလာပြီဖြစ်ကြောင်း အင်္ဂါနေ့တွင် အေပီသတင်းတစ်ပုဒ်က ဖော်ပြထားသည်။

ပြာများမှုတ်ထုတ်နေ

မီးတောင်ထပ်မံပေါက်ကွဲမည်ကို စိုးရိမ်ကြသည့်အတွက် မီရာပီတောင်ခြေရှိမြို့၌ နေထိုင်ကြသူများမှာ ထွက်ပြေးလျက် ရှိကြသည်။ သောကြာနေ့မှစ၍ ပြင်းထန်စွာ ပေါက်ကွဲခြင်း မရှိတော့သော်လည်း မီရာပီမီးတောင်သည် ပြာများမှုတ်ထုတ်နေဆဲဖြစ်သည်။

ထိုပေါက်ကွဲမှုဖြစ်ရပ်တွင် ရွာများအားလုံးကို ပြာများဖုံးလွှမ်းသွားပြီး အပူငွေ့များကြောင့် ရွာသူ၊ ရွာသားများ မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြသည်။

ငါးဦးသေဆုံး

မီးလောင်သော ဒဏ်ရာများကို ကုသဆဲတွင် သေဆုံးသူငါးဦးနှင့် ပျက်စီးသွားသည့် ရွာများမှ ရှာဖွေတွေ့ရှိလာသော ရုပ်အလောင်းခုနစ်လောင်း လက်ခံရခဲ့ကြောင်း တောင်ခြေရှိ ဆေးရုံတစ်ရုံက ပြောကြားခဲ့သည်။

မီရာပီမီးတောင်သည် လွန်ခဲ့သည့် ရာစုနှစ်အတွင်း အကြိမ်ပေါင်းများစွာ ပေါက်ကွဲခဲ့ပြီး လူ ၁၄၀၀ ကျော်သေဆုံးခဲ့သည်။ ***အင်တာနက်***။

ရွှေဘိုတွင် နွေစပါးစိုက်ပျိုးမှု တိုးတက်မြင့်မား

သတင်းမှတ်စု-ကျော်နန္ဒဝင်း (ပြန်/ဆက်)

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်က စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး လုပ်ငန်းများနှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ပေးခဲ့ရာ ရွှေဘိုခရိုင်အတွင်း၌ မြန်မာနိုင်ငံ၏ အကြီးဆုံးဆည်တစ်ခုဖြစ်သည့် သဖန်းဆိပ်ဆည်အပါအဝင် ကင်းတပ်ဆည်၊ ကာဘိုးဆည်၊ ကျေးပင်အက်ဆည်၊ လင်ပန်းဆည်၊ ကိုးပင်ဆည် စသည်တို့အပြင် ကျေးလက်ဆည်ငယ်၊ ကန်ငယ်များစွာ တည်ရှိသည်။ ထို့ကြောင့် ရွှေဘိုခရိုင်သည် သီးနှံစိုက်ပျိုးရန် သင့်တော်သည့် ရေမြေရာသီဥတု သဘာဝပတ်ဝန်းကျင်နှင့် ပြည့်စုံသည်။

ရွှေဘိုခရိုင်အနေဖြင့် ယခင်က မိုးစပါးကိုသာ အဓိကစိုက်ပျိုးခဲ့သော်လည်း ၁၉၈၈-၈၉ ခုနှစ်မှစ၍ နွေစပါးကို စတင်စိုက်ပျိုးလာခဲ့သည်။ ယခုနှစ် နွေစပါးစိုက်ဧကနှင့် ပတ်သက်၍ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဦးက ရှင်းလင်းပြောကြားရာတွင် ၂၀၀၉-၂၀၁၀ ခုနှစ်မှာ နွေစပါးစီမံကိန်းလျာထားဧက ၃၆၀၂၁၀ အနက် ၃၆၈၇၄၉ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် ၈၅၃၉ ဧက ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးကာလမှာ ဖေဖော်ဝါရီမှ ဧပြီလအထိ ဖြစ်ကြောင်း၊ ရွှေဘိုခရိုင်၏ ဆန်ဖူလုံမှု ရာခိုင်နှုန်းမှာ ၁၇၇ ရာခိုင်နှုန်းဖြစ်ကြောင်း ပြောကြားသည်။

နွေစပါး စိုက်ပျိုးမှုနှင့် ပတ်သက်ပြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်းက "စတင်စိုက်ပျိုးခဲ့တဲ့ ၁၉၈၈-၈၉ ခုနှစ်မှာ ၄၄ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းမှာ တစ်ဧက ၂၅ တင်းခန့်သာ ထွက်ရှိခဲ့ပါတယ်။ အဲဒီနောက် ၂၀၀၁-၂၀၀၂ ခုနှစ်မှာ ၁၇၂၅၀၀ ဧက စိုက်ပျိုးရာ တစ်ဧက ၇၆ဒသမ ၈၁ တင်းထွက်ရှိပြီး ၂၀၀၈-၂၀၀၉ ခုနှစ်မှာ ၃၅၂၇၃၇ ဧက စိုက်ပျိုးပြီး တစ်ဧက ၉၁ ဒသမ ၉၂ တင်း ထွက်ရှိခဲ့ပါတယ်။ ယခုနှစ် ၂၀၀၉-၂၀၁၀ ခုနှစ်မှာတော့ ၃၆၈၇၄၉ ဧက စိုက်ပျိုးပြီး တစ်ဧက ၉၅ ဒသမ ၀၆ တင်းခန့် ထွက်ရှိမယ်လို့ မျှော်မှန်းထားပါတယ်၊ အဓိက စိုက်ပျိုးတဲ့ မျိုးတွေကတော့ IR 747၊ ဆင်းနွယ်ရင်၊ မနောသုခတို့ ဖြစ်ပါတယ်"ဟုပြောသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❑